ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၅၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ကဆောင်ရွက်ပေးထားသော အခြေခံကောင်းများကို ထိထိရောက်ရောက်အသုံးချ ဒေသအကျိုးပြုလုပ်ငန်းများ သူ့တာဝန်ကိုယ့်တာဝန်မခွဲခြားဘဲစုပေါင်းတာဝန်ယူဆောင်ရွက် ပိုမိုတိုးတက်ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင် ကျရာကဏ္ဍမှတာဝန်သိသိဝိုင်းဝန်းလုပ်ကိုင်

ရန်ကုန် ဇွန် ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၂ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်၌ ကျင်းပသော မြစ်သာတံတား(ကလေးဝ) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး လိုက်ပါလျက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်း ကလေးဝမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ် ရွှေစာရေးအထက် ရေလှောင်တမံစီမံကိန်း လုပ်ငန်းခွင် ချင်းတွင်းမြစ်လက်ယာဘက်ကမ်းမှ ရေလှောင်တမံအုတ်ကြောင်းနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ၏လုပ်ဆောင်ချက်များပိုမိုပြင်လာ မကြာမီအစုအဖွဲ့အလိုက်အကြံပြုချက်စာတမ်းများတင်သွင်းမည်

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၀၆)ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာခန်းမရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ *စာမျက်နှာ ၆ ကော်လံ ၁* ●

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အာဆီယံ–တရုတ် စီးပွားရေးဖြစ်ထွန်းမှု ဒေသနှစ်ခုစလုံးမှ ပြည်သူများကို အကျိုးပြု

အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြားတွင် စားသုံးသူလူဦးရေသန်းပေါင်း ၁၇၀၀ ရှိသည်။ ဒေသနှစ်ခု၏ စုစုပေါင်း ဂျီဒီပီမှာလည်း အမေရိကန်ဒေါ်လာ နှစ်ထရီလီယံရှိကြောင်း သိရသည်။ ထို့အပြင် ဒေသနှစ်ခု၏အနေအထားသည် ယနေ့ကမ္ဘာတွင် စီးပွားရေးအရ ရှင်သန်ထက်မြက်မှု အရှိဆုံး ဒေသများဟု သတ်မှတ်ခံထားရသည်။

ယင်းနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်သည်လည်း ကောင်းမွန်နေသကဲ့သို့ ဝယ်ယူနိုင်သည့် အင်အားမှာလည်း တစ်နေ့တခြား တိုးတက်လာသည်။ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် စီးပွားရေးအဆက်အသွယ်များသည် များမကြာမီနှစ်များအတွင်း သိသိသာသာ တိုးတက်လာခဲ့ကြောင်း သိရသည်။

အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် တရုတ်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီတို့အကြား တူညီသည့် ရည်မှန်းချက်ဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ ပေါ်ထွန်းလာရေးအတွက် ဆောင်ရွက်သည့်နေရာတွင် အာဆီယံနှင့် တရုတ်ခေါင်းဆောင်ကြီးများ၏ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်နေသော ပုဂ္ဂလိကကဏ္ဍသည် အဓိကတွန်းအားပေးသည့်အင်အား ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် နှစ်ဖက်စလုံးက အာဆီယံနှင့် တရုတ်နိုင်ငံတို့၏ ပုဂ္ဂလိကကဏ္ဍ အဆက်အသွယ်များနှင့် ကွန်ရက်များကို ပိုမိုကျယ်ပြန့်ခိုင်မာလာစေရန် လုပ်ဆောင်ရန် လိုပေသည်။

ဇွန်လ ၇ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော တတိယအကြိမ်မြောက် အာဆီယံ–တရုတ်စီးပွားရေးကောင်စီ အစည်းအဝေး၊ (၁၆)ကြိမ်မြောက် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းညီလာခံနှင့် (၆၁)ကြိမ်မြောက် အာဆီယံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းကောင်စီ အစည်းအဝေးဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင်–

"တတိယအကြိမ်မြောက် အာဆီယံ–တရုတ် စီးပွားရေးကောင်စီ နှစ်ပတ်လည်အစည်းအဝေးမှာ အာဆီယံ–တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ မူဘောင်အတွင်း ပုဂ္ဂလိကကဏ္ဍများအကြား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့်နည်းလမ်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပြီးဖြစ်ကြောင်း၊ အချုပ်အားဖြင့် ဤတတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးသည် နောက်ဆုံးအကြိမ်ကျင်းပခဲ့သည့် ကူမင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်ရေးအတွက် အပြုသဘော တွန်းအားပေးသွားမှာဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းသည် အာဆီယံဒေသတစ်ခုလုံးကို လွှမ်းခြုံသည့် အဖွဲ့အစည်းဖြစ်သည်ဟု ခံယူသည့်အပြင် အာဆီယံ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များကို ကိုယ်စားပြုရုံသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ ဦးဆောင်မှုပေးပြီး ကူညီပံ့ပိုးနေသော အသင်းကြီးအဖြစ် ရှုမြင်ထားသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလက ဘာလီမြို့၌ ကျင်းပခဲ့သည့် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံ ခေါင်းဆောင်ကြီးများက အာဆီယံပေါင်းစည်းညီညွတ်မှုလမ်းပြမြေပုံနှင့် ၂၀၂၀ မျှော်မှန်းချက်တို့၌ ဖော်ပြထားသော ဒေသတွင်း စီးပွားရေးပေါင်းစည်းညီညွတ်မှု ပိုမိုခိုင်မာလာစေရေးအတွက် အာဆီယံ စီးပွားရေး အသိုက်အမြုံကို ထူထောင်ရန် သဘောတူညီခဲ့ကြသည်။

ယင်းကဲ့သို့ ထူထောင်ခြင်းအားဖြင့် အာဆီယံဒေသသည် ဈေးကွက်တစ်ခုတည်းအဖြစ် တည်ရှိမည်ဖြစ်ပြီး ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်သမားနှင့် ရင်းနှီးငွေ ပိုမိုလွယ်ကူ လွတ်လပ်စွာစီးဆင်းနိုင်မည် ဖြစ်သည်။ ထို့ကြောင့် အာဆီယံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းနှင့် အာဆီယံစီးပွားရေး အတိုင်ပင်ခံကောင်စီ၏ ကဏ္ဍသည် တစ်နေ့တခြား ပိုမိုအရေးပါလာမည်ဖြစ်သည်။

အာဆီယံအသင်းကြီးအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အမြုံက ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကို မလွဲမသွေ ရရှိသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံစီးပွားရေး အသိုက်အမြုံပေါ်ထွန်းလာရေးအတွက် အပြည့်အဝ ထောက်ခံသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံ–တရုတ် စီးပွားရေးအဆက်အသွယ်များမှာ အရှေ့တောင်အာရှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လွန်စွာအရေးပါသကဲ့သို့ ဖြစ်ထွန်းလာမည့် အကျိုးရလဒ်များသည် ဒေသနှစ်ခုစလုံးရှိ ပြည်သူများအတွက် များစွာအကျိုးပြုလိမ့်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅–၆–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် New Worlds To Conquer (အင်္ဂလိပ်စာအထူးပြုအားလုံး)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘဏ်ကျယ်လေး"** (အပိုင်း–၃၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် နှစ်မြွာအသည်းမိုက်ခဲ ညီနောင်"** (အပိုင်း–၄)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စီးပွား/ကူးသန်း ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း ဆန်စက်နှင့်သိုလှောင်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းသည် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ အထွေထွေမန်နေဂျာများဖြစ်ကြသော ဦးတင်ရွှေနှင့်ဦးသန်းထွန်းအောင်တို့ လိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၀၅) တန်၁၀၀ဆန်စက်သို့ ရောက်ရှိ၍ သိုလှောင်ရုံများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန် လုပ်ဆောင်ရမည့်အစီအမံများကို အထူးဂရုပြုကြပ်မတ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက်ရိုက်ကုန်တင်ကုန်ချဌာနစု (၃) အုပ်စု၁၂ ဝင်းအတွင်း သီးနှံများ ပိုးသတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၂၁၂) ၇၅တန် ဆန်စက်ရုံ၌ စပါးကြိတ်ခွဲနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ် အမှတ်(၂၇၂) တန်၃၆၀ ပြန်လည်ကြိတ်ဖွပ်ရောနှောစက်ရုံသို့ ရောက်ရှိ၍ စက်ရုံအတွင်း သီးနှံများ ကြိတ်ဖွပ်ရောနှောနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ ဇွန် ၁၁ရက်က ရပ်ကွက် ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့်အရန်မီးသတ် တပ် ဖွဲ့ ဝင် များ ဝတ်စုံ ပေးအပ်ပွဲ အ ခမ်း အ နား ကျင်း ပ ရာ ရပ်ကွက် ဥက္ကဋ္ဌ ဦး စိန် လှိုင် က

တပ်ဖွဲ့ဝင်များ ကိုယ်စား ကြက်ခြေနီတပ်ခွဲမှူး ဦးဝင်းကြည်သို့ ဝတ်စုံများပေးအပ်စဉ်။ (၄၂၁)

ပုသိမ်ညွန့်စံပြရပ်ကွက် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုသိမ်ညွန့် စံပြရပ်ကွက် နယ်လှည့် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန်၁၀ရက် နံနက်၁၀နာရီက အဆိုပါရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်လှိုင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးဒေါ်ခင်ခင်သန်းက စာကြည့်တိုက်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီး ပုသိမ်ညွန့်စံပြရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးဝင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(က–ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား အနုပညာဦးစီးဌာနမှ ပဒေသာကပွဲဖြင့်ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇ နာရီမှစတင်ကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မင်းသားများဖြစ်ကြသော ဉာဏ်ဝင်းနှင့် သန်းထွဋ်အောင်၊ မင်းသမီးများဖြစ်ကြသော ကြူကြူခိုင်၊ ချောစုမျိုး၊ နှင်းနှင်းဝေ၊ ဝါဝါလှိုင်၊ ဝင်းဝင်းမြိုင်နှင့် ရွှေရည်ဝင်း၊ လူရွှင်တော်များဖြစ်ကြသော သီးလေးသီး ညီအစ်ကိုများဖြစ်ကြသည့် စိန်သီး၊ ကြယ်သီး၊ ပန်းသီးနှင့်ဇီးသီးတို့ ပါဝင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အလှဖြာဝေ ပုပ္ပားမြေ၊ သာယာလှပ မင်းသားအက၊ ဒဿဂီရိ သစ္စာပန်းစိုက်ခန်း၊ "အ"အက္ခရာအောင်ပါစေနှင့် နှစ်ပါးအလှ သုခုမပဒေသာကပွဲတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များ ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဖျော်ဖြေကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကို အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပေးအပ်ချီးမြှင့်ရာ အနုပညာရှင်များကိုယ်စား မင်းသားဉာဏ်ဝင်းနှင့် သန်းထွဋ်အောင်တို့က လက်ခံကြသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ (၁)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရင်လောက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဖြူနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရင်ရင်သန်းတို့က ဆောင်ရွက်ကြသည်။

ဖတ်ကြားတင်သွင်း

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၁၀ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ ဦးထွန်းရင်လောက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုဆွေးနွေးချက်စာတမ်းကို 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီပလုပ်ကဖတ်ကြားတင်သွင်းသည်။

ယင်းနောက်သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ ၅၅ မိနစ်တွင် ရပ်နားလိုက်သည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ (ခေါ်) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့ (၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၃၃ဦး အနက် ၆၁၂ ဦးတို့ တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၆၈ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်း နှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်က အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်မှ ဦးခွန်ကျော်သူ၊ ကချင်ပြည်နယ်မှ ဒေါ်အင်ဘရန့်ဒွဲဘူနှင့် ဧရာဝတီတိုင်းမှ နန့်ဥမ္မာမြတို့က ဖတ်ကြားတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ အကြံပြုချက်စာတမ်းကို ရခိုင်ပြည်နယ်မှ ဒေါ်မခင်ဝင်းနှင့် မန္တလေးတိုင်းမှ ဦးအောင်ထွန်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၁ နာရီတွင် ဆွေးနွေးပွဲခန်းမ (၂)၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးယောအေးလှ၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးလော်ဆင်ကွမ်း၊ စာတမ်းရှင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၊အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ဖြူတင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြချက်များအပေါ် ရွေးကောက်ပွဲ တွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်ခြောက်ဦးတို့ စုပေါင်း တင်ပြသည့် အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များညှိနှိုင်းဆွေးနွေးကြပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၃ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အလှည့်ကျသဘာပတိ ဒူးဝါးဇုတ်ဒေါင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အစုအဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးတွင် အလှည့်ကျ သဘာပတိ ဦးထွန်းရင်လော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာ၌ကန်တို့၏ရည်ရွယ်ချက်များမအောင်မြင် အမေရိကန်စစ်ဘက်အဆင့်မြင့်အရာရှိတစ်ဦးဝန်ခံ

ဘဂ္ဂဒက် ဇွန် ၁၂

အီရတ်နိုင်ငံ၏ ဖော်လူဂျာမြို့အား ဝိုင်းထားခြင်းကိုအဆုံးသတ်ပြီး အီရတ်တပ်ဖွဲ့သို့ လုံခြုံရေးလွှဲပေးရန် သဘောတူခဲ့လင့်ကစား ဖော်လူဂျာတွင် အမေရိကန်တို့၏ ရည်ရွယ်ချက်များ အောင်မြင်မှုမရကြောင်း အမေရိကန်စစ်ဘက်အဆင့်မြင့်အရာရှိတစ်ဦးက စနေနေ့၌ ဝန်ခံပြောကြားလိုက်သည်။

ဝိုင်းထားခဲ့

ဖော်လူဂျာမြို့ကို သုံးပတ်ကြာမျှ ဝိုင်းထားခဲ့ချိန်က အမေရိကန်မရိန်း၁၀ဦးနှင့် အီရတ်ရာပေါင်းများစွာ သေဆုံးခဲ့ကြရသည်။ ဘလက်ခ်ဝါးတားယူအက်စ်အေလုံခြုံရေး ကုမ္ပဏီမှ အမေရိကန်လေးဦး ချုံခိုတိုက်ခိုက်ခံရကာ သေဆုံးခဲ့ကြပြီးနောက် ဖော်လူဂျာမြို့ကို အမေရိကန်မရိန်းတပ်များကဝိုင်းထားခဲ့ကြခြင်းဖြစ်သည်။

မေလအစောပိုင်း၌ ဖော်လူဂျာမြို့ကို မရိန်းတပ်များ ဝိုင်းထားမှု ရုပ်သိမ်းပေးခဲ့ချိန်မှစပြီး မြို့အခြေအနေသည် ယေဘုယျအားဖြင့် ငြိမ်သက်သွားခဲ့သည်ဟု ဗိုလ်မှူးချုပ်မာခ် ကင်မ်မစ်က သတင်းထောက်များအား ပြောကြားသည်။ **(အင်တာနက်)**

အီရတ်မှဂျပန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးတောင်းဆိုဆန္ဒပြနေသူများကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇွန် ၁၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိပ်အကျဉ်းထောင်အတွင်း၌ အီရတ်တို့နှိပ်စက်ခံရပုံများ ဘဂ္ဂဒက်တွင် ပြပွဲခင်းကျင်းပြသ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ပြင်ရှိအဘူဂါရိပ်အကျဉ်းထောင်အတွင်း အီရတ်အကျဉ်းသားများအား အမေရိကန်တို့ ရက်စက်စွာပြုမူဆက်ဆံခဲ့သည်ဆိုသောကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်စစ်ဘက်ဆိုင်ရာက ယခုတိုင် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ခင်းကျင်းပြသ

ဘဂ္ဂဒက်မြို့တွင်း လမ်းမများပေါ်၌ အကျဉ်းထောင်အတွင်း အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များ၏ နှိပ်စက်ညှဉ်းပန်းမှုခံရပုံအမျိုးမျိုးနှင့်အကျဉ်းသားများသေဆုံးပုံအမျိုးမျိုးတို့ကို အနုပညာလက်ရာဖြင့် ပုံစံအမျိုးမျိုးသရုပ်ဖော်ကာ ၎င်းတို့၏ ခံစားဒေါသထွက်မှု များကို အီရတ်ပြည်သူတို့က ပြပွဲတစ်ရပ်အဖြစ် ခင်းကျင်းပြသလျက်ရှိသည်။

သတိပေး

အမေရိကန်တို့ ဆောင်ရွက်မှုအပေါ် ဆန့်ကျင်ကန့်ကွက်သည့် ၎င်းပြပွဲကို လက်မှုပညာရှင်များပါဝင်သရုပ်ဖော်ထားကြခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့အနီး ဆာဒါမြို့၌လည်း အကျဉ်းသားများနှိပ်စက်ခံရပုံအမျိုးမျိုးကို သရုပ်ဖော်ပြသထားပြီးအဘူဂါရိပ်အကျဉ်းထောင်အတွင်းဖြစ်ပျက်ရင်ဆိုင်နေရပုံများကို အီရတ်ပြည်သူများ မေ့လျော့သွားခြင်းမရှိအောင် သတိပေးပြသခြင်းဖြစ်ကြောင်း၊ အကျဉ်းထောင်ဖြစ်ရပ်ကြောင့် အီရတ်လူမျိုးများအားလုံး၏ ဂုဏ်သိက္ခာကျဆုံးရကြောင်းဖြင့် အနုပညာရှင်များက ပြောကြားခဲ့ကြသည်။ **(စီအင်န်အင်န်)**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ကန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံရ

ကိုင်ရို ဇွန် ၁၃

ဆော်ဒီအာရေဗျနိုင်ငံမြို့၏ရီယာ့ဒ်တွင် အမေရိကန် နိုင်ငံသားတစ်ဦးစနေနေ့က ပစ်သတ်ခံရကြောင်းသတင်းထုတ်ပြန်ချက်များအရ သိရသည်။

သေဆုံး

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် အမေရိကန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံရပြီး သေဆုံးသွားကြောင်း ရီယာဒ်ရှိ အမေရိကန်သံရုံးအရာရှိများကပြောကြားသည်ကို ကာတာအခြေ စိုက်အယ်ဂျာဇီရာရုပ်မြင်သံကြားက သတင်းထုတ်ပြန်သွားသည်။

ပြောကြား

ရီယာ့ဒ်မြို့တော်အရှေ့ဘက်တွင် အဆိုပါ အမေရိကန်နိုင်ငံသားပစ်သတ်ခံရခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က ပြောကြားသည်ဟုလည်း ဒူဘိုင်း အခြေစိုက် အာရပ်နိုင်ငံများရုပ်မြင်သံကြားသတင်းလိုင်းအယ်အာဘီယားက ပြောကြားသည်။

တတိယမြောက်

ရီယာ့ဒ်မြို့တော်တွင် လွန်ခဲ့သည့် တနင်္ဂနွေနေ့က အိုင်ယာလန်လူမျိုး ဓာတ်ပုံဆရာတစ်ဦး ပစ်သတ်ခံခဲ့ရပြီး အင်္ဂါနေ့ကအမေရိကန် နိုင်ငံသားတစ်ဦး ပစ်သတ်ခံခဲ့ရသည့် ဖြစ်ရပ်များပေါ်ပေါက်ခဲ့ပြီးနောက်သီတင်းတစ်ပတ်အကြာတွင်ယခုကဲ့သို့ တတိယမြောက်အဖြစ် အမေရိကန်နိုင်ငံသားတစ်ဦး ပစ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တို့ထံအုပ်ချုပ်ရေးလွှဲပေးရန်နီးကပ်လာချိန် တိုက်ခိုက်မှုများပိုမိုဖြစ်ပွားလာ ဒုတိယနိုင်ငံခြားရေးဝန်ကြီးပစ်သတ်ခံရမှု အီရတ်ဝန်ကြီးချုပ်အလာဝီပြစ်တင်

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ယမန်နေ့ကအီရတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးဘာဆန်ကူဘာဟာ အလုပ်သွားရန်နေအိမ်မှထွက်ခွာစဉ် နေအိမ်အပြင်ဘက်မှာ သေနတ်နှင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ခြင်းနှင့်ပတ်သက်ပြီး အီရတ်ယာယီဝန်ကြီးချုပ်အလာဝီက ပြစ်တင်ပြောကြားလိုက်သည်။

အီရတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဘာဆန်ကူဘားဟာသည် ဝန်ကြီးဌာန၏ ဝါရင့်သံတမန်တစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံသို့သွားရောက်ခဲ့သောသံတမန်ခရီးစဉ်တစ်ခုမှပြန်လည် ရောက်ရှိလာသည်မှာ ရက်ပိုင်းသာရှိသေးသည်။အလားတူပြီးခဲ့သော ဗုဒ္ဓဟူးနေ့ကလည်း အီရတ်ဒုတိယကျန်းမာရေးဝန်ကြီး အမီယာအယ်ဆာဖာသည် နေအိမ်မှလုပ်ငန်းခွင်သို့ထွက်ခွာစဉ် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရရာ အသက်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

ယခင်လက အီရတ်အုပ်ချုပ်ရေးကောင်စီ၏အကြီးအကဲဖြစ်သူ အစ်ဇာအီဇလင်းသည်လည်း စစ်ဆေးရေးဂိတ်တစ်ခုအနီး၌ ၎င်း၏ကားဖုံးထိ မှန်ပေါက်ကွဲခဲ့မှုကြောင့် သေဆုံးခဲ့ရသည်။အခြားအစိုးရအရာရှိများနှင့် မိသားစုဝင်များသည်လည်း အလားတူတိုက်ခိုက်မှုများခံနေရသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ကိုယ်ပိုင်လုံခြုံရေးအတွက် မိမိတို့ဌာနအလိုက် တာဝန်ယူရန်သာဖြစ်ပြီးအလယ်အလတ်တာဝန်ရှိသူများအတွက် လုံခြုံမှုဆောင်ရွက်မပေးနိုင်ကြောင်းသိရသည်။

ပိုမိုဖြစ်ပွား

ထို့အပြင် အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များကလည်း ၎င်းတို့အားလုံးအတွက် လုံခြုံရေးဆောင်ရွက်မပေးနိုင်ကြောင်း အမေရိကန်ပြောရေး ဆိုခွင့်ရှိသူ ဒန်ဆီနာက ပြောကြားခဲ့သည်။အီရတ်တို့ထံအုပ်ချုပ်ရေးအာဏာလွှဲပြောင်းပေးရမည့် ဇွန်လ၃၀ရက်နေ့နီးလာသည်နှင့်အတူ အီရတ်နိုင်ငံအတွင်းတိုက်ခိုက်မှုများပိုမိုဖြစ်ပွားလျက်ရှိကြောင်းသိရသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်ရှိ အမေရိကန် စစ်စခန်း ရှေ့၌ ကားဗုံးခွဲ တိုက်ခိုက်မှု ဖြစ်ပွားစဉ် ဒဏ်ရာ ရရှိခဲ့သော အီရတ် တစ်ဦး ဆေးရုံ၌ ဆေးကုသမှု ခံ ယူ ရန် ရောက် ရှိ လာ သည် ကို ဇွန် ၁၃ ရက် က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ယူရို ၂၀၀၄ ဘောလုံးပွဲကြောင့် ပြင်သစ်၌ရုပ်မြင်သံကြားအရောင်းမြင့်တက်

ပါရီ ဇွန် ၁၃

ပြင်သစ်နိုင်ငံ၏ အိမ်ခြေနှစ်သိန်းခန့်တွင် ဖန်သားပြင်ပြား ရုပ်မြင်သံကြားတစ်လုံးစီခန့် ရှိနေပြီဖြစ်သည်။ ကျင်းပလျက်ရှိသော ယူရို ၂၀၀၄ ဘောလုံးပွဲစဉ်များကြောင့် ဖန်သားပြင်ပြား တီဗွီရောင်းအားမြင့်တက်လာခဲ့သည်။

အဆိုပါရောင်းအားသည် ၂၀၀၃ ခုနှစ် မတ်လနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်း ၄၅၀ ကျော် ရောင်းအားတက်လာခြင်းဖြစ်သော်လည်း ဈေးနှုန်းသည်မြင့်မားနေဆဲဖြစ်သည်။ အချို့က ယခုထက်အဆင့်မြင့်ကာ ပလာစမာတီဗွီများ ဝယ်ယူအသုံး ပြုလာကြသည်။ ၁၉၉၈ခုနှစ်က ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပခဲ့စဉ်ကလည်း တီဗွီရောင်းအားများမြင့်တက်ခဲ့ကြောင်းနှင့် ထိုစဉ်က ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်း ဗိုလ်စွဲခဲ့ခြင်းကြောင့် ပြင်သစ်ပရိသတ်အတွက် တီဗွီဝယ်ခဲ့သည့် ကုန်ကျရကျိုးနပ်ခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

အမေရိကန်တို့ကို တန်ပြန်စစ်ပွဲ ဆင်နွှဲရန် စစ်ပြန်များအား အီရတ်ခေါင်းဆောင်တစ်ဦးတိုက်တွန်း

ဘဂ္ဂဒက် ဇွန် ၁၂

အမေရိကန်တို့ကို တန်ပြန်စစ်ပွဲဆင်နွှဲကြရန် ယခင် ဆက်ဒမ်ဟူစိန်၏စစ်တပ်မှ စစ်ပြန်များအား အီရတ်ခေါင်းဆောင်တစ်ဦးက သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။

၎င်းတို့တွင် ငြင်းကွယ်၍ မရနိုင်သော အတွေ့အကြုံများရှိထားကြောင်း သူတို့တိတ်ဆိတ်နေခြင်းသည် သူတို့၌ရှိထားသော အသိဉာဏ် ဗဟုသုတ များကို ၎င်းတို့ကိုယ်တိုင် ထိန်းချုပ် ထားရာရောက်ကြောင်း၊ စစ်မြေပြင်မှ တိုက်ခိုက်ရေး ကျွမ်းကျင်သူများ အမေရိကန်ဆန့်ကျင်ရေးစစ်ပွဲ၌ မပါခြင်းသည် သစ္စာမရှိခြင်းပင်ဖြစ်ကြောင်း ထိုအီရတ်ခေါင်းဆောင်က ပြောကြားသည်။

မေးခွန်းထုတ်

စစ်ရေးစစ်ရာ၌ မကျွမ်းကျင်သော်လည်း သတ္တိရှိရှိဖြင့် တိုက်ပွဲဝင် နေသူများကို ထိုစစ်ပြန်များ တွေ့မြင်ရသည့်အခါ ၎င်းတို့မည်သည့်နေရာ၌ ရှိနေကြသနည်း၊ အဘယ်ကြောင့် ၎င်းတို့၏ ဗဟုသုတ အတွေ့အကြုံများကို ၎င်းတို့ဖာသာ ထိန်းသိမ်းထားသနည်း၊ တိုက်ပွဲဝင်နေသူများ အောင်ပွဲခံနိုင်ရေးအတွက် မည်သို့လုပ်ဆောင်ရမည်ကို အဘယ်ကြောင့် ၎င်းတို့၏ အကြံဉာဏ်များကို မပေးကြသနည်းဟု ထိုအီရတ်ခေါင်းဆောင်က မေးခွန်းထုတ်ခဲ့သည်။

မြင့်တက်လာ

ဘဂ္ဂဒက်တွင် အီရတ်ခုခံတိုက်ခိုက်ရေးလက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ညလုံးပေါက် တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် အီရတ်ကလေးငယ်နှစ်ဦး သေဆုံးခဲ့ရပြီး ၂၃ဦးဒဏ်ရာရရှိခဲ့သည်။ ဇွန် ၃၀ရက်၌ အီရတ်တို့၏ အချုပ်အခြာ အာဏာပြန်ပေးရန် ပြင်ဆင်လှုပ်ရှားနေချိန်တွင် သေဆုံးအရေအတွက်မှာလည်း မြင့်တက်လာခဲ့သည်ကို တွေ့ရသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲသည့်နေရာ၌ စစ်ဆေးမှုများ ပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇွန် ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာဆိုင်ရာကိစ္စရပ်များ၌ တရုတ်၏ အခန်းကဏ္ဍ ပိုမိုအရေးပါလာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဘူထရို့စ်ဂါလီ ထုတ်ဖော်ပြောကြား

ပေကျင်း ဇွန် ၁၃

တရုတ်နိုင်ငံသည် အရေးကြီးသောကမ္ဘာ့ကြားခံဆောင်ရွက်ပေးသူဖြစ်လာကြောင်းနှင့် နိုင်ငံတကာဆိုင်ရာ အရေးကိစ္စများတွင် ပို၍ပို၍ အရေးကြီးသောကဏ္ဍမှ လှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဘူထရို့စ်ဘူထရို့စ်ဂါလီက ပြောကြားလိုက်သည်။

ဘူထရို့စ်ဂါလီသည် ပေကျင်း၌ တရုတ်လူထုဆက်သွယ်ရေးနှင့်အတူ ပူးတွဲတွေ့ဆုံမေးမြန်းခန်း၌ သတင်းထောက်များ၏ မေးမြန်းချက်များကို တုံ့ပြန်ဖြေကြားရာ၌ ထိုသို့မှတ်ချက် ပေးခြင်းဖြစ်သည်။

ခက်ခဲ

ရှုပ်ထွေးသော အမှုကိစ္စများနှင့် တစ်ခါတစ်ရံစစ်မက်ပင်ဖြစ်ပွားသော နိုင်ငံတကာဆိုင်ရာ အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးရန်အတွက် ကြားခံဆောင်ရွက်ပေးရန်မှာ အလွန်ခက်ခဲကြောင်း အတွင်းရေးမှူးချုပ်ဟောင်းက ပြောကြားသည်။

ဘူထရို့စ်ဂါလီက ကိုရီးယား ကျွန်းဆွယ်ပြဿနာ၌ တရုတ်နိုင်ငံ၏ အပြုသဘောဝင်ရောက်ဆောင်ရွက်ပေးမှုကိုအသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြောကြားသည်။

ရောက်ရှိ

ဘူထရို့စ်ဂါလီသည် ဇွန်၁၄ရက်မှ ၁၅ရက်ထိကျင်းပရန် စီစဉ်ထားသော ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးချက်ဆိုင်ရာ နိုင်ငံတကာနှီးနှောဖလှယ်ပွဲသို့တက်ရောက်ရန် ပေကျင်းသို့ ရောက်ရှိနေခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်မှ တူရကီစားစာခံ ခုနစ်ဦး ပြန်လည် လွတ်မြောက်လာ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ပြန်ပေးဆွဲခံထားရသော တူရကီနိုင်ငံသား ဆောက်လုပ်ရေးအလုပ်သမား ခုနစ်ဦး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ တူရကီသံရုံးက စနေနေ့တွင် ပြောကြားသည်။

တူရကီဓားစာခံများ ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း၊ ၎င်းတို့၏ ကျန်းမာရေး ကောင်းမွန်ကြောင်း အဆိုပါတူရကီသံရုံးမှ သံတမန်တစ်ဦးကပြောကြားသည်။

တူရကီဆောက်လုပ်ရေး အလုပ်သမားခုနစ်ဦးသည် ယခုအခါ မိုဆူးလ်မြို့ မြောက်ဘက်သို့ ခရီးထွက်သွားပြီဖြစ်ကြောင်း ဖော်လူဂျာမြို့တွင် အဆိုပါ ဓားစာခံခုနစ်ဦး ပြန်ပေးဆွဲခံခဲ့ရခြင်း ဖြစ်ကြောင်း အီရတ်နိုင်ငံရှိ တူရကီနိုင်ငံဆာကာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ ညွှန်ကြားရေးမှူးဖြစ်သူ ဆာဒါအဒါလီက အတည်ပြုပြောကြားသည်။

ပြန်လည်လွတ်မြောက်လာသော တူရကီ ဓားစာခံခုနစ်ဦးလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ ယခုအခါ မိုဆူးလ်မြို့တွင် ရှိသော ၎င်းတို့မိသားစုများထံရောက်ရှိနေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောကြားသည်။

ယင်းဓားစာခံခုနစ်ဦးကို ယခု ဇွန်လ ၇ရက်က ဖော်လူဂျာမြို့တွင် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ သို့ရာတွင် မည်သူများကဖမ်းဆီးခဲ့သည်၊ မည်သည့်အတွက်ကြောင့် ဖမ်းဆီးခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ် ယဉ်ကျေးမှုဝန်ကြီး လုပ်ကြံသတ်ဖြတ်ခြင်းခံရ ကန်နှင့်ပူးပေါင်းသူမှန်သမျှကို ပစ်မှတ်ထား တိုက်ခိုက်မှုပိုများလာ

ဘဂ္ဂဒက် ဇွန် ၁၃

အီရတ်နိုင်ငံ၌ တစ်လအတွင်း တတိယမြောက် လုပ်ကြံသတ်ဖြတ်မှုအဖြစ် ယဉ်ကျေးမှုဝန်ကြီး ကမားလ် အယ်လ်ဂျာရာကို ယနေ့နံနက်၌ သေနတ်သမားများက ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။ ယင်းသတ်ဖြတ်မှု၌ လူသတ်သမားတစ်ဦး သို့မဟုတ် အများအပြားပါဝင်မှုရှိ၊ မရှိသေချာစွာ မသိရှိရသေးကြောင်း၊ အယ်လ်ဂျာရာသည် ဆေးရုံသို့ရောက်ရှိပြီး မကြာမီ သေဆုံးခဲ့ကြောင်း သိရသည်။

အမေရိကန်တို့နှင့် ပူးပေါင်းသူမှန်သမျှကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိရာမှာ အီရတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးသည် ယမန်နေ့က လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ယခုကဲ့သို့ လုပ်ကြံမှုဖြစ်ရပ်များသည် နိုင်ငံအတွင်း ပစ်မှတ်အတော်များများကို နေ့စဉ် တိုက်ခိုက်ခံနေရကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။

ဘဂ္ဂဒက်မြို့ရှိ အမေရိကန်နှင့် အပေါင်းပါတို့၏ ဌာနချုပ်တည်ရှိရာ အစိမ်းရောင်ဒေသမှာ မော်တာကျည်ဆံ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထို့အပြင် ယမန်နေ့က လက်ဘနွန်သံတမန်တစ်ဦး သတ်ဖြတ်ခံခဲ့ရကြောင်းနှင့် အီရတ်နိုင်ငံသည် နိုင်ငံခြားသားများအတွက် အလွန်အန္တရာယ်ကြီးမားသော နေရာတစ်ခု ဖြစ်နေဆဲဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဆန့်ကျင်ဆန္ဒပြ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ရန်းရင်းဆန်ခတ်ဖြစ်ပွားနေသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပီပြင်သော ရုပ်ရှင်အနုပညာသည်ဖြစ်ရန် ဂျက်ကီချန်းမျှော်မှန်း

လော့စ်အိန်ဂျလိစ် ဇွန် ၁၃

တရုတ်နိုင်ငံမှ နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည့် ရုပ်ရှင်မင်းသားဂျက်ကီချန်းက ၎င်း၏ သရုပ်ဆောင်မှုကို ပြောင်းလဲသည့်အနေဖြင့် မိမိသည် ပီပြင်သောအနုပညာသည်တစ်ဦးဖြစ်လာရန် မျှော်မှန်းထားကြောင်း ပြောကြားသည်ဟု အမေရိကန်မီဒီယာများက စနေနေ့တွင် ဖော်ပြသည်။

အထိုးအကြိတ်နှင့် သတ်ပုတ်တိုက်ခိုက်ရသည့် သရုပ်ဆောင်မှုများအစား စိတ်လှုပ်ရှားဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာနှင့် စကားပြောဆိုသရုပ်ဆောင်မှုများဖြင့် အစားထိုးပြောင်းလဲရန် ဆန္ဒများရှိကြောင်း ဟာဝိုင်ရီကျွန်းရှိ ဟိုနိုလူလူမြို့တွင် ပြုလုပ်သော ၎င်းနောက် ဆုံးသရုပ်ဆောင်ထားသည့် **‘ကမ္ဘာ တစ်ပတ်ရက် ၈၀’** ရုပ်ရှင်ကား အရောင်းမြှင့်တင်ရေး အခမ်းအနားတစ်ခုတွင် ဂျက်ကီချန်းက ပြောကြားခဲ့သည်။

မိမိအပြောင်းအလဲပြုလုပ်ခြင်းသည်ရောဘတ်ဒီနီရိုကဲ့သို့ ပုံစံမျိုးသရုပ်ဆောင်ချင်သည်။ ပြီးနောက် ဒက်စ်တင်ဟော့ဖ်မင်း ကဲ့သို့လည်း ဖြစ်ချင်သည်ဟု ဂျက်ကီချန်းက ပြောကြားသည်။ ထို့ပြင် မိမိသည် ကုန်လွန်ခဲ့သော နေ့ရက်များကို နှစ်ခြိုက်သဘောကျပါကြောင်း၊ သို့သော်အမြဲတမ်း ထိုသို့မဖြစ်ချင်ကြောင်း၊ မိမိသရုပ်ဆောင်မှုကို ပြောင်းလဲခြင်းကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို သစ်ပင်စိုက်ပျိုးပွဲကျင်းပရေးညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၁၄

၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာ ဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ သစ်ပင်စိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆိုသည့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက်သစ်ပင်စိုက်ပျိုးရေးအဖွဲ့ခေါင်းဆောင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ၂၀၀၄ ခုနှစ် သစ်ပင်စိုက်ပျိုးရေးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ကြိုတင်စီစဉ်ဆောင်ရွက်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်မှာ ပဥ္စမပတ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်ရာ ညီလာခံ၏လုပ်ဆောင်ချက်များသည် ပိုမို၍ပီပြင်လာပြီဖြစ်ကြောင်း၊ မကြာမီတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပပြီး ကိုယ်စားလှယ် အစုအဖွဲ့အလိုက် အကြံပြုချက်စာတမ်းများကို ဖတ်ကြား တင်သွင်းကြမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုယ်စားလှယ်အစုအဖွဲ့ အများစုတွင် အကြံပြုချက်စာတမ်းများကို ဖတ်ကြားပြီး ဖြစ်နေကြပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအနေဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုချက် စာတမ်းများကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ချောမောပြေပြစ်စွာ တင်သွင်းဖတ်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုအပိုင်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ အခါမလပ် သတိရှိစွာဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံအနေဖြင့် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များက အလှူငွေများပေးလှူလိုကြကြောင်း ဆန္ဒပြုကြသည့်အတွက် ပေးလှူနိုင်ရေးစီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဖျော်ဖြေရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြု ထောက်ခံသောအားဖြင့် စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဖတ်ကြားရန် အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဖတ်ကြားပြီးစီးမှုအခြေအနေ၊ သဘာပတိအဖွဲ့များထံသို့ အကြံပြုချက်စာတမ်းများ ပေးအပ်မှုအခြေအနေ၊ လုပ်ငန်းကော်မတီသို့ အကြံပြုစာတမ်းများ တင်ပြမှုအခြေအနေတို့ကိုလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအတွက် ဆောင်ရွက်ထားရှိမှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များက အမျိုးသားညီလာခံကျင်းပခြင်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး လိုအပ်သည်များကိုမှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀/၂၀၀၄) ကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် ဇွန် ၁၄

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ ခုနှစ်အတွက် ၁၅ ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည် မြန်မာပြည်"ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀ × ၁၂ လက်မထက်မငယ်သော အရွယ်အစား (Print) ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ (Caption) အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင်ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၄ ခုနှစ် နိုင်ဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒို့ပြည်ထောင်စုမြန်မာပြည်

☆ သန်းပေါင်းလေးဆယ်၊ နှစ်ဝယ်ရှည်ကြာ
မြန်မာတို့မြေ၊ စခဲ့ပေ၏
ခြေခြေမြစ်မြစ်၊ ကျောက်ခေတ်လူသား
နေထိုင်သွားကြောင်း၊ ထင်ရှားပုံဆောင်
ပုံတောင်ရုပ်ကြွင်း၊ သက်သေနှင်းသည်
ငြင်း၍ မရ၊ ခိုင်မာလှသည်
မြန်မာ့မြေကား အံ့ဖွယ်တကား။

☆ "မြန်မာအစ၊ တကောင်းက"တဲ့
မြန်မာ့ပုံရိပ်၊ အတိတ်ရှေးဟောင်း
တကောင်းမြို့တော်၊ နှစ်ထောင်ကျော်နှစ်
ခြောက်ရာဖြစ်ခဲ့
အားသစ်စည်ဖြိုး၊ အမျိုးဂုဏ်လွှမ်း
ကိုယ့်ထီးနန်းနှင့်၊ အေးချမ်းခိုင်မာ
သာယာဝပြော၊ မြို့ပြစောသည်
အံ့သြဖွယ်ရာ မြန်မာတကား။

☆ အနော်ရထာ၊ ဘုရင့်နောင်၊ ဦးအောင်ဇေယျ
မြန်မာ့မြေဖွား၊ ပြည်ချစ်သားတို့
ထင်ရှားဂုဏ်ရည်၊ စုစည်းတည်တည့်
ပြည်မြန်မာအား၊ နယ်ချဲ့များက
မျိုဝါးတစ်ခေတ်၊ သူ့ကျွန်ဖြစ်ခဲ့
သို့ဖြစ်ပေငြား၊ တိုင်းရင်းသားတို့
အားမာန်ကိုယ်စီ၊ ဓား လှံ ကိုယ်စီ
ညီနောင်ထုအရေး၊ ပြည်ထောင်စုသွေး
စွေးစွေးနီစွာ၊ တိုက်ထုတ်ပါမှ
မြန်မာလွတ်လပ်၊
ထွတ်မြတ်ပြည့်ဂုဏ်၊ သင်းပျံ့ထုံသည်
ပင်လုံစိတ်ဓာတ် အခြေခံတကား။

☆ ယနေ့အခါ၊ ပြည်မြန်မာသည်
ညီညာလက်တွဲ၊ သွေးမကွဲတော့
သွေးခွဲလာမူ၊ ဘယ်သူဖြစ်ဖြစ်၊ ချေမှုန်းပစ်လိမ့်
ချစ်မြတ်နိုးညီ၊ အားလုံးသည်လျှင်
"ဤပြည်ထောင်စု
ဤအချုပ်အခြာအာဏာ
ဤတိုင်းရင်းသားစည်းလုံးညီညွတ်ရေး"
ခိုင်မြဲရေးသာ၊ တွေးလျက်ပြည်သူ
အခြေခံမူ၌
အတူမျှရည် မျှော်မှန်းသည်၊
ဒို့ပြည်ထောင်စု မြန်မာပြည်၊
သမိုင်း သက်သေ ရှိပါသည်။ ။

တက္ကသိုလ်ညိုမင်းမောင်

သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)တွင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်း ဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အလုပ်အမှုဆောင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ ဇွန် ၁၄ ရက်က ရေနစ်မြုပ်နေသည့် ကျောင်းအဝင်လမ်းမကြီးအား မြေဖို့ခြင်း၊ အုတ်စီ လမ်းခင်းခြင်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ (၂၅၈)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် အမှတ်(၂) ရပ်ကွက်တွင် အသစ်တည်ဆောက်ထားသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း– ပြန်/ဆက်)

ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အောင်ဟိတ်–ဆိတ်သာလမ်း (၈ မိုင် ၃ ဖာလုံ) ကျေးလက်မြေသားလမ်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဖောက်လုပ်လျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း– နယ်စပ်/စည်ပင်)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် လွိုင်နန်းဖကျေးရွာတွင် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသည့် လွိုင်နန်းဖရေထိန်းတမံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

မန္တလေးတိုင်း မိုးကုတ်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ရေပိုက်လိုင်းများသွယ်တန်း တပ်ဆင်နိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ရွှေလောင်း တံတားကြီး

ဧရာဝတီတိုင်းမှ နိုင်ငံတစ်ဝန်းသို့ သွားလာမှု လွယ်ကူချောမွေ့စေရေး အတွက် ဝါးခယ်မ မြို့နယ် ပန်းတနော်–ရွှေလောင်း–ဝါးခယ်မ လမ်းပေါ်တွင် တည်ဆောက်ပေးထားသည့် အရှည် ပေ ၁၉၀၀ ရှိသော ရွှေလောင်းတံတားကြီးကို ဤသို့ ခံ့ညားစွာ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

15-6 (07).p65 1 03/25/1905, 3:30 PM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန်၁၂ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့ ပုလဲရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး၏ နယ်မြေဒေသများအကြား ကွာဟမှုမရှိ မျှမျှတတ ဟန်ချက်ညီဖွံ့ဖြိုးအောင်လုပ်ကိုင် တိုင်းရင်းသားပြည်သူများလူမှုစီးပွားရေးဘဝမြင့်မား၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုအထောက်အကူပြု

■ ရှေ့ဖုံးမှ

အစီအစဉ်အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ရွှန်းက ကလေးဝမြို့နယ်အတွင်း ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ကလေးဝမြို့ ပြည်သူ့ဆေးရုံအဆောက်အအုံများ၊ အကွက်ချပုံစံ၊ ကျန်းမာရေးဝန်ထမ်းအင်အား၊ ကလေးဝမြို့နယ်၌ အဖြစ်များသောရောဂါများနှင့် ကုသပေးမှုအခြေအနေ၊ ဆေးရုံ၌ ဓာတ်မှန်၊ ခွဲစိတ်ခန်းသုံး ကိရိယာများနှင့် ခွဲစုပ်စက်တို့ ထပ်မံဖြည့်တင်းထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကလေးဝမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာခန်းများ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ပုလဲမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုလဲမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး လူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာခင်မောင်နှင့်တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်ပြည်သူ့ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုလဲမြို့ ပုလဲရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်အေးက မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ မြို့နယ်ဖွဲ့စည်းမှုနှင့် အိမ်ခြေ၊ အိမ်ထောင်စုဦးရေ၊ မိုးစပါးအပါအဝင် မိုးသီးနှံစိုက်ပျိုးမှု၊ ဆောင်းသီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဆီဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေရရှိရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များသို့ ရောက်ရှိခဲ့သော်လည်း အခါအခွင့်မသင့်၍ မရောက်ရှိနိုင်ဘဲ ကျန်ရစ်နေသည့် ပုလဲမြို့ကို ယနေ့ မဖြစ်ဖြစ်အောင် ရာသီဥတုမကောင်းသည့်ကြားမှ အရောက်လာရောက်ခြင်းဖြစ်ကြောင်း။

အားထုတ်လုပ်ကိုင်

မြို့နယ်၏တင်ပြချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအလိုက် လိုအပ်ချက်များကိုစိစစ်ရာ အမှန်လိုအပ်မှုရှိသဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်းစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးအထောက်အကူပြုသကဲ့သို့ ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ညီညီညွတ်ညွတ် ပူးပေါင်း၍ မိမိတို့တတ်နိုင်သည်များကို အားထုတ်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ရက်က စစ်ကိုင်းတိုင်း ဘုတလင် မြို့နယ် ရွှေစာရေးကျေးရွာအနီး ရေလှောင်တမံ စီမံကိန်းလုပ်ငန်းကို ကြည့်ရှုပြီး ဒေသခံရွာသူရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက် (အဖိတ်နေ့)
၁၅–၆–၂၀၀၄ (အင်္ဂါနေ့)နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar Made Easy

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ)(ရုက္ခဗေဒ)
၁၇:၁၅ ၆။ တိုင်းရင်းသားရိုးရာအက
၁၇:၃၀ ၇။ လဝွမ်းပြင် ရေလှောင်တမံ
၁၇:၃၅ ၈။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၄၅ ၉။ ကယားတို့ နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၇:၅၀ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၂၀ ၁၄။ ကြေးမုံရှိပ်သွင် တေးနုယဉ် **"သွေး"**
၁၉:၃၅ ၁၅။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၁၉:၄၀ ၁၆။ ပြည်တွင်းသတင်း
၂၀:၀၀ ၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၄၈)
၂၀။ Euro-2004 ဘောလုံးပွဲ **(ချက်နှင့် လတ်ဗီးယား)**
၂၂:၃၀ ၂၁။ Euro-2004 ဘောလုံးပွဲ **(ဂျာမနီနှင့် ဟော်လန်)**
၁:၁၅ ၂၂။

မိမိမြို့နယ်၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအားဖြင့် ဒေသခံ ပြည်သူများကလည်း အစိုးရ၏ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း၊ ပုလဲမြို့နယ်၏ စပါးစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေအရ ဒေသဝမ်းစာဖူလုံမှုအခြေအနေမှာ အားနည်းနေဆဲဖြစ်၍ ဆန်စပါးတိုးတက်ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလုပ်ကိုင်ရန်လိုကြောင်း။

ဒေသဝမ်းစာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး စသည့် ဒေသအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ သူ့တာဝန်၊ ကိုယ့်တာဝန်၊ သူ့ဌာန၊ ကိုယ့်ဌာနဟူ၍ ကန့်သတ်ခွဲခြားနေ၍မဖြစ်ဘဲ ဖွဲ့စည်းတာဝန်ပေးထားသည့် ကော်မတီများအလိုက် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းလုပ်ကိုင်မှုတို့ဖြင့် အားလုံးဝိုင်းဝန်းလုပ်ကိုင်ကြရန်ဖြစ်ကြောင်း။

မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ ခရိုင်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပြီး ခရိုင်အလိုက် ဖွံ့ဖြိုးတိုးတက်မှုလည်း ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးမှာဖြစ်၍ နိုင်ငံတော်အပိုင်းက စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးထားသော အခြေခံကောင်းများကို အပြည့်အဝ ထိထိရောက်ရောက် အသုံးချပြီး ပိုမိုတိုးတက် ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးအောင်၊ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားအောင် ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ ဝိုင်းဝန်းပူးပေါင်းအားထုတ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း မှာကြားရှင်းလင်းသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံရွာသူရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘုတလင်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာလှဝင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၊ လူနာခန်း၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘုတလင်မြို့ မြဝတီခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက မြို့နယ်အတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုးချောင်သီးနှံ၊ ဝါနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်မှု၊ စပါးစိုက်ဧက တိုးချဲ့နိုင်ရေးနှင့် အထွက်နှုန်းတိုးရေး ဆောင်ရွက်ထားမှု၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ဆေးရုံအတွင်းကြည့်ရှု

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်း ကလေးဝမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရွှေစာရေးရေလှောင်တမံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် မုံရွာမြို့မှတစ်ဆင့် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်(ရွှေစာရေး) မြစ်ကျဉ်းအထက်ဘက် နှစ်မိုင်အကွာရှိ ချင်းတွင်းမြစ် (ရွှေစာရေးအထက်) ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အစီအစဉ်အရ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်က ချင်းတွင်းမြစ်၏ ရေစီးဆင်းမှုပမာဏနှင့် မြစ်ဝဲ/ယာတစ်လျှောက် စိုက်ပျိုးရေးအတွက် အကျိုးပြုနိုင်မှုအခြေအနေ၊ ချင်းတွင်းမြစ်ကျဉ်း ရွှေစာရေးဒေသပတ်ဝန်းကျင်၌ ရေလှောင်တမံတည်ဆောက်ရန် ကွင်းဆင်းလေ့လာ တိုင်းတာတွေ့ရှိချက်၊ ရေလှောင်တမံတည်ဆောက်ပြီးစီးပါက ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၅ဒသမ၅သန်းဧကပေ ရှိမှာဖြစ်ပြီး ချင်းတွင်းမြစ်ဝဲ/ယာ ရေသောက်ဧရိယာမှာ ဧက၂၉၀၀၀၀နှင့် ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ရွှေစာရေးပတ်ဝန်းကျင်အထက်ပိုင်း၌ ရေလှောင်တမံတည်ဆောက်ရန် ရွေးချယ်ထားသောနေရာ၏ ဘူမိဗေဒအခြေအနေနှင့် စူးစမ်းလေ့လာတွေ့ရှိချက်များ၊ ချင်းတွင်းမြစ်ရေကိုလွှဲပြီး ရေလှောင်တမံတည်ဆောက်မည့် နည်းစနစ်အပါအဝင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်ကိုများ မှာကြားသည်။

တမံအူကြောင်းစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်လက်ယာဘက်ကမ်း ရှုရပ်မှနေ၍ ရေလှောင်တမံ အူကြောင်းနေရာရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လက်တွေ့စီမံချက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို မေးမြန်းစိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဘုတလင်မြို့သည် မုံရွာမြို့နှင့် အလှမ်းမကွာဝေးသော်လည်း မိမိအနေဖြင့် တစ်ကြိမ်မျှ မရောက်ရှိခဲ့ဖူး၍ ယခုကဲ့သို့ ရောက်ရှိအောင် ကြိုးစားလာရောက်ခြင်းဖြစ်ကြောင်း၊ ဘုတလင်မြို့နယ်သည် ယခုထက်တိုင် ဒေသဝမ်းစာဖူလုံမှု မရှိသေးသဖြင့် ဒေသဝမ်းစာဖူလုံအောင် ဆန်စပါး တိုးတက်စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသဝမ်းစာဖူလုံရေးစီမံချက်များသည် စာရွက်ပေါ်၌သာ ရေးဆွဲထားသော စီမံချက်များမဖြစ်စေဘဲ လက်တွေ့ကျကျ ထိထိမိမိ အကောင်အထည်ဖော်နိုင်သည့် စီမံချက်များဖြစ်ရန်လိုကြောင်း။

နိုင်ငံတော်သည် နေ့ဥစ္စာကြွယ်ဝ ချမ်းသာမှုမရှိသော်လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားသည့် ရင်းနှီးမှုပမာဏမှာ များပြားလှကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လူသားအရင်း အမြစ်ဖွံ့ဖြိုးရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအလိုက် လိုအပ်သည့်အခြေခံများကို ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ အလားတူ အခြားပြည်နယ်၊ တိုင်းများ၌လည်း လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်၍ ဖွံ့ဖြိုးတိုးတက်မှု အခြေခံများကို တည်ဆောက်ပေးလျက်ရှိကြောင်း။

ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇွန် ၁၂ရက်က ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)

စေတနာထားလုပ်ကိုင်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ တစ်ခုနှင့်တစ်ခုအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများအကြား ကွာဟမှုများမရှိစေဘဲ မျှမျှတတ ဟန်ချက်ညီ ဖွံ့ဖြိုးလာအောင်လုပ်နိုင်မှသာ ရေရှည်၌ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ စီးပွားရေးဘဝ၊ လူနေမှုဘဝ မြင့်မားသည်ထက်မြင့်မားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပိုမိုအထောက်အကူပြုစေမှာဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ရည်ရွယ်ချက်နှင့်သဘောထားကိုနားလည်သဘောပေါက်ပြီး မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် စေတနာရှေ့ထား၍ ဝီရိယ အားစိုက်ထုတ်ပြီး ကြိုးပမ်းလုပ်ကိုင်ကြရန်လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း တောင်ဥက္ကလာပမြို့နယ်၏ ၂၀၀၄-၂၀၀၅ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးများအတွက် ပညာသင်စရိတ်ငွေ ပေးလှူပွဲကို ဇွန်၁၁ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်စိန်က ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရှင်သာမဏေဓမ္မပိမာန် မဟာသရဏဂုံတော်သင်တန်း

ရန်ကုန် ဇွန် ၁၄

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး အလေးအမြတ်ထားတော်မူသော မဟာသရဏဂုံတော်ကြီးကို ခြေခြေမြစ်မြစ် အဘိဓမ္မာနည်းကျကျ သိရှိနားလည်စေရန် အကြိုသင်တန်းအဖြစ်ဖြင့် ရှင်သာမဏေဓမ္မာဗိမာန် သာသနာ့ဝန်ဆောင်အဖွဲ့က အဘိဓမ္မာအခြေပြုသင်တန်းကို ဇွန်၁၉ရက်မှ ဇူလိုင်၃၁ရက်ထိ (စနေ၊ တနင်္ဂနွေ) အပတ်စဉ် မွန်းလွဲ၁၂နာရီခွဲမှ ၂နာရီခွဲထိ ဆရာဦးတင်ဝင်းက ပို့ချမည်ဖြစ်သည်။ အဘိဓမ္မာ အခြေပြုသင်တန်းပြီးဆုံးလျှင် မဟာသရဏဂုံတော်ကြီးသင်တန်းကို တစ်ဆက်တည်း ပို့ချမည်ဟုသိရသည်။ **(က-ပ)**

မြန်မာ့ရုပ်ရှင်သမိုင်းစဉ် (ငွေရတုကာလ)



ရန်ကုန် ဇွန် ၁၄

ဦးမြင့်စိုး(ဒဂုန်မြင့်စိုး)တည်းဖြတ်စုစည်းဖြည့်ဆည်းပြုစုသော မြန်မာ့ရုပ်ရှင်သမိုင်းစဉ် (ငွေရတုကာလ) ၁၉၂၀-၁၉၄၅နှစ်အတွင်း စာအုပ်ဖြစ်သည်။ **(အပေါ်ပုံ)**

ဤစာအုပ်ကို ၁၉၉၅ ခုနှစ် အောက်တိုဘာလ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ကျင်းပခဲ့စဉ်ကပင် ရုပ်ရှင်သမိုင်းပြုစုရေးကော်မတီဖွဲ့စည်းလျက် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အတွင်း အနှစ်နှစ်အလလက ထုတ်ဝေခဲ့သော သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများမှ မြန်မာ့ရုပ်ရှင်သမိုင်းစဉ်ဖြစ်ရပ်များ၊ မြန်မာ့ရုပ်ရှင်ကို စတင်ခဲ့ကြသော ပညာရှင်ကြီးများ၊ မြန်မာ့ရုပ်ရှင်သမိုင်းကို လက်ဆင့်ခံယူနေသော အနုပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များအား လူကိုယ်တိုင်တွေ့ဆုံမေးမြန်းပြုစုထားသည်။

ဓာတ်ပုံညှ၊ ဂုဏ်မာနဖြင့်၊ သံပဟုန်းစုန်း၊ ဘက်မဲ့ကြိုးသား၊ ဝင့်ကြွားတက်ကြွစွာ ထက်မြက်လှုပ်ရှားနိုင်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏သမိုင်းမှတ်တိုင်စာအုပ်ဖြစ်သည်။

စာပေဗိမာန်က ဖြန့်ချိပြီး တန်ဖိုး ကျပ် ၁၅၀၀ ဖြစ်သည်။ **(က-ပ)**

ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်ရေးငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၄

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင် မွမ်းမံ တည်ဆောက်ရေးအတွက် ကွယ်လွန်သူ ဇနီးဒေါ်သန်းစိန်အား ရည်စူး၍အမှတ် (၉/၂၁) ဘဘလမ်း မြင်းခြံမြို့နေ ဦးအောင်မြင့်က ဇွန် ၁၂ရက်တွင် ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (က–ပ)

သားငါးပွံ့ပြိုး ပြည်အကျိုး

နိုင်ငံတော်နှင့်ဒေသခံပြည်သူများအတွက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံချက်

ကျွန်းကောင်းပေါက်ရာနယ်မြေ(Home of Teak)ဟု ကျော်ကြားခဲ့သည့် ပဲခူးရိုးမသည် ဧက ၁၂ ဒသမ ၅၃ သန်းခန့် ကျယ်ဝန်းပြီး မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တစ်စိတ်တစ်ဒေသစီ ပါဝင်နေသည်။ ပဲခူးရိုးမတွင် အဖိုးတန်ကျွန်းသာမက ပျဉ်းကတိုး၊သစ်ရာ၊အင်ကြင်း၊သက်န်း၊ ပိတောက်နှင့် အင်ကညင်သစ်မျိုးများ ပေါက်ရောက်နေပြီး သစ်တောဖုံးလွှမ်းမှုမှာ ဧက ၆ ဒသမ ၉၉ သန်းခန့် ရှိနေသည်။ ကျွန်း၊ ပျဉ်းကတိုးနှင့်သစ်ရာပါဝင်နှုန်းမှာ ၁၀ရာခိုင်နှုန်းအထက်ရှိနေရာ အလွန်တန်ဖိုးမြင့်သည့် သဘာဝတောတစ်ခု ဖြစ်သည့်အပြင် ကြသောင်း၊ တင်း၊ မျှင်၊ သိုက် ဝါးမျိုးပေါင်း ၂၀ကျော်နှင့် ကြိမ်များသာမက သစ်တောသယံဇာတ အရင်းအမြစ်များစွာ စုစည်းရာဒေသလည်း ဖြစ်သည်။

"မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ်"ဖြင့် အရွယ်ရောက်ပြီး သတ်မှတ်ကန့်သတ်လုံးပတ် ပြည့်မီသည့် သစ်များကိုသာ စနစ်တကျနှင့် စဉ်ဆက်မပြတ် ထုတ်ယူနေသည့် မြန်မာနိုင်ငံတွင် ပဲခူးရိုးမမှ နှစ်စဉ်ကျွန်းသစ်လုံးတန်၃၀၀၀၀ နှင့် သစ်မာသစ်လုံးတန် ၂၀၀၀၀၀ကျော် ထုတ်လုပ်နိုင်ပြီး ရရှိသည့် ပြည်တွင်း ပြည်ပဝင်ငွေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည်မှာ ကာလကြာရှည်ခဲ့ပြီဖြစ်သည်။ အလားတူ တိုင်၊ မျော၊ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်စသည့် သစ်တောထွက် ပစ္စည်းများကို ဒေသခံလူထုသုံးစွဲရန်နှင့် အလှမ်းမဝေးသည့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများသို့ ပို့ဆောင်ရောင်းဝယ်ဖောက်ကားရာတွင် ပဲခူးရိုးမတောများသည် အဓိက ထုတ်လုပ်ရာဒေသဖြစ်ခဲ့ကြောင်း မှတ်တမ်းအထောက်အထားများ ရှိခဲ့သည်။

သစ်တောသယံဇာတများ ပြုန်းတီးပျက်စီးမှုကို ရေတိုကုစားရန်မလွယ်ကူလှပါ။ သဘာဝထက် လူ့ပယောဂကြောင့် ပျက်စီးမှုမှာ ပိုမိုပြင်းထန်သည်။ မူလအခြေအနေမျိုး ပြန်ရောက်ရန် မမျှော်မှန်းနိုင်လောက်အောင် အချိန်ကာလကြာမြင့်နိုင်ပြီး ငွေကြေးအကုန်အကျခံကာ ခက်ခဲစွာ လုပ်ဆောင်ကြရလေ့ရှိသည်။ အချိန်မီကုစားခြင်းမပြုပါက **"မိုးလွန်မှထွန်ချ"** ရသည့် ဘဝမျိုးကြုံတွေ့နိုင်သည်။

ပဲခူးရိုးမ သဘာဝတောမှာ ရင်မောစရာ ဖြစ်နေပြီ။ အိုမင်းနေသည့် စက်ရုံဟောင်းတစ်ခုနှင့် ပမာပြုလိုသည်။ ဝန်နှင့်အားမမျှသည့်ဒဏ်ကို မချိမဆံ့ ခံစားနေရသည့် အသွင်မြင်တွေ့ရသည်။ ဖြစ်ရခြင်းအကြောင်းရင်းများမှာ တရားမဝင်ခိုးယူခုတ်လှဲမှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှု၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်လုပ်ရန်ပျက်ကွက်မှုနှင့် သစ်တောမြေမှ အခြားမြေအဖြစ် ပြောင်းလဲအသုံးချမှုတို့ ပါဝင်ကြောင်း ဆန်းစစ်တွေ့ရှိရသည်။

ပဲခူးရိုးမ၏ သဘာဝဝန်းကျင်ယိုယွင်းမှုကို ဝေဟင်မှ ကိုယ်တိုင်ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနက "ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်"ကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ စီမံချက်ကာလမှာ ငါးနှစ်ဖြစ်ပြီး ၂၀၀၄ခုနှစ် ဧပြီလမှ စတင်ကာ ၂၀၀၉ခုနှစ် မတ်လအထိ ကြာမြင့်မည်ဖြစ်သည်။ "ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်"တွင် အဓိကလုပ်ငန်းများအဖြစ် သဘာဝတောများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စနစ်တကျ ထုတ်လုပ်အသုံးချရန် အစီအမံများပါဝင်ကြသည်။ သုံးပွင့်ဆိုင်တာဝန်ယူကြရမည့်သူများမှာ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ ဒေသခံလူထုနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိဝန်ထမ်းများဖြစ်ပြီး ပူးပေါင်းစုစည်းမှုအားဖြင့် ဆောင်ရွက်မှသာ အောင်မြင်မှုအဆင့်အတန်း မြင့်မားမည်ဟု မျှော်မှန်းရသည်။

သဘာဝတောများ ထိန်းသိမ်းရာတွင် လုပ်ရိုးလုပ်စဉ်ထိန်းသိမ်းပြုစု မျိုးဆက်လုပ်ငန်းများသာမက သစ်တောနယ်မြေများတွင် ဝင်ရောက်၍ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုမရှိစေရေးတို့အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူ၍ ထိရောက်စွာ ဟန့်တားထိန်းသိမ်းပေးရန်နှင့် ရေးအစဉ်အဆက်က ကျူးကျော်တောင်ယာများအား သီးနှံ/သစ်တောရောနှောတည်ထောင်မှုအခြေခံသည့် ကုန်းမြင့်လယ်ယာစနစ် ကူးပြောင်းစေရန် သစ်တောဦးစီးဌာနအပါအဝင် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းဧက ၁၈၀၀၀၀ခန့်ကို ပဲခူးရိုးမ တောင်ပေါ်ရှိ ကြိုးဝိုင်းမြေတွင် တည်ထောင်ပြီး နိုင်ငံတော်အတွက် ရင်းနှီးမြှုပ်နှံမည့်အပြင် ဒေသခံပြည်သူလူထု ရေရှည်သုံးစွဲနိုင်စေရန် "ကျေးရွာသုံး စိုက်ခင်း"ဧက ၂၀၀၀၀ကျော်ကို ရိုးမတောင်ခြေတစ်ဝိုက်တွင် ဒေသခံပြည်သူလူထု ကိုယ်တိုင်

စန်းလွင် (သစ်တော)

စိုက်ပျိုးပိုင်ဆိုင် သုံးစွဲနိုင်စေရန် တည်ထောင်ပေးမည်ဖြစ်ရာ ဒေသသုံးထင်း၊ မျော၊ တိုင်၊ မီးသွေးများကို ပဲခူးရိုးမတောများမှ ခုတ်ယူအသုံးပြုရန်အားပြုမှုလျော့နည်းလာစေမည် ဖြစ်သည်။ ၎င်းအပြင် ရတနာတန်းဝင်ကျွန်းမျိုးစေ့နှင့် ပျိုးပင်များကို သစ်ထုတ်ပြီး တောပျက်နေသည့် ကြိုးဝိုင်းဧက ၁ ဒသမ ၃၃သန်းတွင် သဘာဝဝန်းကျင် ထိခိုက်မှုအနည်းဆုံး ဖြစ်သည့် ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းစနစ်ဖြင့် တောတန်ဖိုးမြင့်လာစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

သစ်နှင့် သစ်တောထွက်ပစ္စည်းများ စနစ်တကျ ထုတ်လုပ်အသုံးချရန်၊ အစီအမံများ အောင်မြင်စေရန် စေတနာပါပေါင်းစပ်ကြိုးပမ်းရမည့် လုပ်ငန်းများ ဖြစ်သည်။ ဒေသခံများ အရိုးစွဲနေသော ကြိုက်သည့်နေရာမှ ကြိုက်သလို သစ်တောထွက်ပစ္စည်း စုသိမ်းခြင်းအစား စနစ်တကျ နေရာသတ်မှတ်ပြီး သဘာဝသယံဇာတများ ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်လုပ်စေရန် စည်းရုံးပညာပေးခြင်း၊ လက်တွေ့ပြသခြင်းများသာမက လိုအပ်ပါက စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် တွန်းအားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

ပဲခူးရိုးမတောင်ခြေတွင် အမှီပြုနေကြသည့် ဒေသခံပြည်သူများ သုံးစွဲနိုင်ရန်အတွက် ပဲခူးရိုးမမှ သစ်တောထွက်ပစ္စည်းများအား မှန်ကန်သည့် နည်းစနစ်များဖြင့် ထုတ်လုပ်အသုံးပြုခွင့် ပေးသွားမည်ဖြစ်သော်လည်း အခြားဒေသများသို့ စီးပွားဖြစ်ရောင်းချရန် ထုတ်လုပ်မှုများကိုမူ အရင်းကိုမထိခိုက်စေဘဲ အတိုးကိုရေရှည်ထုတ်ယူသုံးစွဲသည့် စနစ်မျိုးဖြင့် ကန့်သတ်ခွင့်ပြုသွားမည် ဖြစ်သည်။ ဥပမာအားဖြင့်– အရွယ်ရောက် ငါးနှစ်သား ဝါးရုံမှ ဝါးကို စနစ်တကျ နည်းမှန်လမ်းမှန်ခုတ်စေရန် လက်တွေ့ပြသခြင်း၊ သတ်မှတ်ခုတ်ကွက်များမှ အလှည့်ကျ ခုတ်စေခြင်း၊ ဝါးကုန်သည်များအား ဝါးစိုက်ခင်းများ ထူထောင်စေခြင်း၊ ဝါးထွက်ကုန်ပစ္စည်းများဖြစ်သည့် (မျှစ်၊ ထရံ၊ ဝါးကပ်၊ ဝါးအမိုး၊ ဝါးကြမ်းခင်းပါကေး၊ ဝါးတူ၊ ဝါးParticle Board၊ တောင်း၊ ဖျာ၊ ခမောက်၊ ပရိဘောဂစသည်များ)ကို အဆင့်မြင့်မြင့် ထုတ်လုပ်ရန်နှင့် ထိုက်တန်စွာ ဈေးကွက်ရရှိရန်အတွက် နည်းပညာပံ့ပိုးခြင်းနှင့် ပေါင်းစပ် ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ထင်း၊ မီးသွေးထုတ်လုပ်မှုကို ကျေးရွာသုံး စိုက်ခင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများမှ သတ်မှတ်ခုတ်ပတ်ဖြင့် စနစ်တကျ ထုတ်လုပ်စေပြီး ထင်းကုန်ကျမှု ၄၀ရာခိုင်နှုန်း သက်သာသည့် စွမ်းအားမြင့် အေဝမ်းမီးဖိုအလုံး ၃၀၀၀၀၀ခန့်ကို ဒေသခံ လူထုကိုယ်တိုင် ထုတ်လုပ်သုံးစွဲမှု ပြုနိုင်စေရန် အားပေးကူညီဆောင်ရွက်မည့် အစီအစဉ်များလည်း ပါဝင်သည်။ ပဲခူးရိုးမတောင်ခြေရှိ ကျေးရွာများမှ လူထုပါဝင်ပူးပေါင်း ဆောင်ရွက်မှုကို ရယူ၍ မိုးရာသီလူထုလှုပ်ရှားမှု အစီအစဉ်ဖြင့် "ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင် စိုက်ပွဲတော်"များ ကျင်းပကာ ပျိုးပင်ပေါင်း ၂၄သန်းခန့် ဖြန့်ဖြူးစိုက်ပျိုးစေမည်ဖြစ်ရာ သစ်တောမူဝါဒနှင့်အညီ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ စနစ်တကျ အသုံးချရေး လုပ်ငန်းများတွင် ဒေသခံပြည်သူလူထုအတွင်း နိုးကြားတက်ကြွလာသည့် အသိရှင်သန်နေစေခြင်းကို အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်ပါသည်။ သို့ဖြစ်ရာ "ပွဲပြီးမီးသေ" သဘောအမျိုးမဖြစ်စေဘဲ **"စိုက်ပြီးအပင်အားလုံးရှင်"၊ "စိုက်ပြီးနောက် ဒေသခံမှ ထိန်းသိမ်း စောင့်ရှောက်"**ဆိုသည့် ခံယူချက်မျိုးရရှိစေရေး ဝိုင်းဝန်းစည်းရုံးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဒေသခံပြည်သူလူထုနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ပံ့ပိုးမှုရရှိမှသာ အောင်မြင်မှုမြန်ဆန် ရေရှည်ခံမည်ဖြစ်၍ **"ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံချက်"**ကို သစ်တောရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးကိုယ်တိုင် သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ်အာဏာပိုင် အဖွဲ့အစည်း များနှင့် သစ်တောဝန်ထမ်းများအား တွေ့ဆုံရှင်းလင်းတင်ပြညှိနှိုင်း ဆောင်ရွက် လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်း၊ခရိုင်၊မြို့နယ်များတွင် ကော်မတီအဆင့်ဆင့် ဖွဲ့စည်း၍ စနစ်တကျ စီမံဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းကာ သယံဇာတများ ပြုန်းတီးမှုမရှိစေဘဲ စနစ်တကျအသုံးချရန် အလေးထား ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံချက်သည် သစ်တောသယံဇာတသာမက သဘာဝသယံဇာတ အရင်းအမြစ်များအား ထိန်းသိမ်းပြီး ရေရှည်အသုံးချသွားနိုင်ရန် ရည်ရွယ်သည့်အပြင် ပဲခူးရိုးမ တောတောင်ရေမြေ အမှီပြုနေကြသည့် ပြည်သူများအတွက် ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် ရရှိလာရေး အလေးပေးထားသည့် စီမံချက်ဖြစ်၍ အောင်မြင်အောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

တာချီလိတ်မြို့နယ် တာလေမြို့ သီရိကျေးရွာအုပ်စု သီရိအမကကျောင်းတွင် မေ ၇ ရက်က ဖွင့်လှစ်သည့် သုတဘဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ခရိုင်ဦးစီးအရာရှိ ဦးစိုးစိုးနှင့် သီရိကျေးရွာဥက္ကဋ္ဌဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

နံ့ရုံကပ်စာစောင်နှင့်နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဇွန်၈ရက်နံနက်ပိုင်းက လသာမြို့နယ် အမှတ် (၃)ရပ်ကွက် ဓမ္မာရုံတွင် နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ရပ်ကွက်အဖွဲ့ဝင်(၁) ဦးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့်

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့်အနာဂတ်တာဝန်၊ စာကြည့်တိုက်အကြောင်း ဟောပြောကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (ကျန်းမာရေး)

● *ကမ္ဘာ့သွေးလှူရှင်များနေ့မှ*

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် ကျင့်သုံးဆောင်ရွက်နေကြောင်း။

ထိရောက်စွာကုသမှုပေးခြင်းအပိုင်းတွင် အဓိကလုပ်ငန်းတစ်ရပ်အနေဖြင့် ပါဝင်သည့် သွေးသွင်းကုသမှုနှင့် သွေးဘဏ်လုပ်ငန်းများကိုလည်း **"ပစ္စည်းရှိလျှင် ပညာရှင်ရှိရမယ်၊ ပညာရှင်ရှိလျှင် ပစ္စည်းရှိရမယ် ဆိုသည့်"** ဆောင်ပုဒ်နှင့်အညီ ပညာရှင်များဖြည့်ဆည်းပေးခြင်း၊ လိုအပ်တဲ့ ပစ္စည်းကိရိယာများ ခေတ်မီအောင် အဆင့်အတန်းတိုးတက်မြင့်မားအောင် ဖြည့်တင်း ထောက်ပံ့ပေးခြင်း၊ သင့်တင့်လျောက်ပတ်တဲ့နေရာ၌ အဆောက်အအုံများရရှိအောင် ဖြည့်ဆည်းပေးခြင်းများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ကြောင်း။

ယနေ့အချိန်အခါတွင် စက်မှုနှင့်သိပ္ပံနည်းပညာများတိုးတက်လာသည့်အတွက် သွေးမှ သွေးပစ္စည်းအမျိုးမျိုးကို ခွဲခြားပြီး ရောဂါအလိုက် လိုအပ်သည့်အမျိုးအစားကို ထုတ်ယူပြီး ပေးသွင်းကုသနိုင်နေပြီဖြစ်ကြောင်း၊ သို့ရာတွင် လူ့သွေးကို အတုပြုလုပ်၍ မရနိုင်သေးသည့်အတွက် လူ့ခန္ဓာကိုယ်မှ သွေးသည် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းအဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း၊ လူ၏ခန္ဓာကိုယ်က သွေးကိုထုတ်ပစ်လိုက်လျှင် အသက်ရှင်ခြင်းဆိုတာ မဖြစ်နိုင်တော့သည့်အတွက် သွေးသည်အသက်လို့ သတ်မှတ်နိုင်ကြောင်း။

ဆုတံဆိပ်ချီးမြှင့်

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် မိမိအသက်ကို ပဓာနမထားဘဲ ဇီဝိတဒါန ဖြစ်မြောက်အောင် လှူဒါန်းခဲ့ကြသည့်သွေးလှူရှင်များကို အသိအမှတ်ပြု ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက သွေးလှူရှင်များနေ့နှင့် သွေးလှူရှင်ဂုဏ်ပြုပွဲကို နှစ်စဉ် ဒီဇင်ဘာ ၁၄ရက်တွင် ကျင်းပပေးခဲ့သည့်အပြင် နိုင်ငံတော်ကလည်း လူမှုထူးချွန်ဆုတံဆိပ်များ နှစ်စဉ်ချီးမြှင့်ပေးခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ် ဧပြီ ၇ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ကျန်းမာရေးနေ့တွင် သွေးလှူရှင်များ၏ သွေးကောင်းသွေးသန့် မည်မျှအရေးပါအရေးကြီးသည်ကို ဖော်ကျူးသည့်အနေဖြင့် ဆောင်ပုဒ်ကို Safe Blood Starts With me,Blood Saves Lives **"သန့်စင်သွေးအစ မိမိက အသက်ပေါင်းများစွာ ကယ်တင်ရ"** ဆိုတဲ့ ဆောင်ပုဒ်နှင့် ကြွေးကြော်ခဲ့ပြီး စေတနာသွေးလှူရှင်များ တိုးပွားရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း။

ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ သွေးလှူရှင်အဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့နှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းစည်းရုံးလှုံ့ဆော်မှုအရ ကမ္ဘာ့သွေးလှူရှင်များနေ့ကို သီးခြားကျင်းပရန် အချိန်ရောက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ABO သွေးအုပ်စုများကို ရှာဖွေတွေ့ရှိခဲ့သူ နိုဗယ်ဆုရှင် Karl Landsteiner ကို ဂုဏ်ပြုသည့်အနေဖြင့် သူ၏မွေးနေ့ဖြစ်သည့် ဇွန် ၁၄ ရက်ကို ကမ္ဘာ့သွေးလှူရှင်များနေ့အဖြစ် သီးခြားရွေးချယ်သတ်မှတ်ခဲ့ပြီး "Blood, a gift for Life. Thank You" **(အသက်သခင်သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ)** ဆောင်ပုဒ်ကို ရွေးချယ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများ၌ ယခုကဲ့သို့ အထိမ်းအမှတ်ပွဲ၊ ဂုဏ်ပြုပွဲများ ကျင်းပနေပြီဖြစ်ကြောင်း။

နည်းဗျူဟာချမှတ်

တစ်ကမ္ဘာလုံးခြုံငုံကြည့်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ သွေးကောင်းသွေးသန့်အတွက် စိတ်ချရအောင် ဆောင်ရွက်ပေးနိုင်ကြသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လုံခြုံစိတ်ချရသည့် သွေးသွင်းကုသမှုကို အာမခံနိုင်လောက်သည့် အနေအထားတွင် မရှိသေးသည်ကို တွေ့ရကြောင်း၊ နိုင်ငံအတော်များများသည် စိတ်ချရသည့် သွေးသွင်းကုသမှုအတွက် အမျိုးသားရေးနည်းဗျူဟာများကို အလျင်အမြန်ရေးဆွဲချမှတ်ရန် လိုအပ်လျက်ရှိသည်ကို သိရကြောင်း။

အဓိကအကျဆုံး နည်းဗျူဟာတစ်ရပ်မှာ အစားထိုးသွေးလှူရှင်များနေရာတွင် ပုံမှန်စေတနာသွေးလှူရှင်များနှင့် ရာနှုန်းပြည့်အစားထိုးနိုင်ရန်ဖြစ်ကြောင်း၊ လှူဒါန်းလိုက်သည့် သွေးများကို စနစ်တကျစစ်ဆေးပြီး လုံခြုံစိတ်ချရသည့် သွေးကောင်းသွေးသန့်အဖြစ် ထိန်းသိမ်းသိုလှောင်ထားရမည့်အပြင် သွေးကိုအမှန်တကယ်လိုအပ်မှသာ သွင်းရန်ကိုလည်း ကျွမ်းကျင်သူ ပညာရှင်များက စိစစ်ညွှန်ကြားပေးရန် လိုအပ်လာပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် စေတနာ သွေးလှူရှင်များ ပုံမှန်သွေးလှူဒါန်းလျက်ရှိကြသည့်အတွက် သွေးဘဏ်များ၏ လုပ်ငန်းလည်ပတ်ပြီး လူနာများ၏ အသက်ပေါင်းများစွာကို ဆတက်ထမ်းပိုးတိုးပြီး ကယ်တင်ပေးနေသည်ဖြစ်၍ ကျန်းမာရေးဝန်ကြီး ဌာနက ကျေးဇူးတင်ဂုဏ်ပြုကြောင်း ပြောကြားသွားသည်။

ဆုများချီးမြှင့်

ထို့နောက် ကမ္ဘာ့သွေးလှူရှင်များနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ကျင်းပရာ ပထမဆုရရှိသော ကြည့်မြင်တိုင်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းကျောင်းသူ မခိုင်မာလာညွန့်၊ ဒုတိယဆုရရှိသောလမ်းမတော်မြို့နယ်အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းကျောင်းသူ မရတနာလင်းနှင့် တတိယဆုရရှိသော လှိုင်မြို့နယ်အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းကျောင်းသူ မခိုင်ခိုင်ဇော်တို့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား JICA မှ ဌာနေ ကိုယ်စားလှယ် Mr. Takahiro Sasaki ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် ပြသထားသည်များကို ကြည့်ရှုကြသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Blood ,a gift for Life. Thank You" "အသက်သခင် သွေးလှူရှင် ကျေးဇူးတင်စရာ ဘဝတာ"ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးထစ်ချုန်းရွာမည်

ရန်ကုန် ဇွန် ၁၄

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရေးမြို့ ၄ ဒသမ ၀၉ လက်မ၊ မော်လမြိုင်မြို့ ၃ ဒသမ ၇၀ လက်မနှင့် ထားဝယ်မြို့ ၂ ဒသမ ၈၀ လက်မတို့ ဖြစ်ကြသည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သောမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ကိုလ်ကာတာမြို့၏ အနောက်တောင်ဘက် မိုင်၂၈၀ အကွာမှ ကမ်းခြေကို ယမန်နေ့ညပိုင်းတွင် ဖြတ်ကျော်ဝင်ရောက်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအများအားဖြင့် အားကောင်းနေကြောင်း သိရသည်။

ဇွန် ၁၅ ရက် ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

▼ **ကျောဖုံးမှ**

ပဒေသာမြေဟု ခေါ်ဆိုသော မြင်းခြံဒေသသည် တစ်နှစ်လျှင် မိုးရွာသည့် ရက်၄၀ကျော်သာရှိပြီး နှစ်စဉ်မိုးရေချိန်ပျမ်းမျှ ၂၇လက်မသာရှိသည်။ ထို့ကြောင့် မိုးနည်းရပ်ဝန်းဒေသဟု ခေါ်ဆိုကြသည်။ မိုးကလည်း သုံးနှစ်မှာ တစ်နှစ် လောက်သာ မိုးကောင်းတတ်၍ မိုးကိုမျှော်ရသည်က တောရော မြို့ပါ အလုပ်ဖြစ်နေသည်။ မိုးကိုစောင့်ရ၊ မိုးကိုမျှော်ရသော အလုပ်ဖြင့် တောသူတောင်သား တောင်သူလယ်သမားများ စိတ်သောကရောက်ခဲ့ကြရသည်။

မျှော်မှန်းတမ်းတ

ရေအတွက် သောကရောက်ရသည့်အပြင် မသန့်ရှင်းသော ရေကို သောက်သုံးမိခဲ့၍ ဝမ်းပျက်ရောဂါ၊ မျက်ခမ်းစပ်ရောဂါများလည်း ဖြစ်ခဲ့ကြသည်။ သန့်ရှင်းသော သောက်သုံးရေ ဖူလုံပြည့်စုံစွာရရှိရေး မျှော်မှန်းတမ်းတခဲ့ကြသည်။ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဆိုပါက ရွှေရရှိသည်ထက်ပင် ကြည်နူးဝမ်းသာကြမည်။

မြင်းခြံမြို့နယ်လုံးကျွတ်

သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံဖူလုံစွာ မရခဲ့သော အညာမြေ မန္တလေးတိုင်း မြင်းခြံမြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၃ရက် နံနက်ပိုင်းက မြင်းခြံမြို့ မဏိကဋ္ဌနာခန်းမရှေ့တွင် ကျင်းပသည်။ ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်ပြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မျိုးမြင့်က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

နိုင်ငံတော်အကြီးအကဲလမ်းညွှန်ချက်

ဆက်လက်၍ အခမ်းအနားကို မြင်းခြံမြို့ မဏိကဋ္ဌနာခန်းမတွင်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်အနက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း အပူပိုင်းဒေသတိုင်းသုံးတိုင်း ရေရရှိရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေနှင့် စည်ပင်သာယာရေးရန်ပုံငွေ ကျပ် ၁၅၈၃ သန်းကျော်၊ အလှူရှင်များ လှူဒါန်းငွေကျပ်၇၉၇ဒသမ၈၆သန်းကျော် စုစုပေါင်း ငွေကျပ် ၂၃၈၁သန်းကျော် သုံးစွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာပေါင်း ၈၀၄၂ရွာအနက် ၅၄၀၅ရွာဆောင်ရွက်ပေးခဲ့ကြောင်း၊မန္တလေးတိုင်းအနေဖြင့် မြို့နယ် ၂၆ မြို့နယ်ရှိ ရေခက်ခဲသော ကျေးရွာ ၄၁၁၉ရွာ အနက် ၃၁၈၃ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

အခြေခံအချက်များ

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဌာနဆိုင်ရာများ၊ ကျေးလက်ပြည်သူများ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားလာစေရေး အခြေခံအချက်များ ပြည့်စုံလာပြီဖြစ်ကြောင်း ပြောကြားသည်။

ဝမ်းမြောက်ဝမ်းသာ

ကျေးလက်နေပြည်သူလူထုကိုယ်စား ဦးမြမောင်က ရေအတွက်ကြောင့်ကြ တောင့်တလာခဲ့သော ကျေးလက်ပြည်သူလူထုအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်ပေးသော နိုင်ငံတော်နှင့်အလှူရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း ပြောကြားသည်။

မြင်းခြံမြို့သည် ဧရာဝတီမြစ်ကြီး၏ လက်ဝဲဘက်ကမ်းတွင် တည်ရှိပြီး မော်တော်ကားလမ်း၊ ရထားလမ်းများ ဆုံရာ ဖြစ်သည်။ ပဲ၊ ပြောင်း၊ နှမ်း၊ဝါ၊ ကောက်ပဲသီးနှံစုံစွာ ထွက်ရှိသော ပဒေသာမြေဖြစ်၍ အထက်မြန်မာပြည်၏ အချက်အချာရောင်းရေး ဝယ်တာ အဓိကကျသော နေရာဖြစ်သည်။ မြင်းခြံဒီဂရီကောလိပ်၊ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)များလည်း ဖွင့်လှစ်ထားပြီး မြင်းခြံချည်မျှင်နှင့် အထည်စက်ရုံသစ်ကြီးလည်း ပေါ်ထွန်းလာပြီဖြစ်သည်။ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာနေသော မြင်းခြံပဒေသာမြေသည် သောက်ရေအတွက်မပူရ၊ သုံးရေအတွက် မပူရ၊ သန့်ရှင်းသောရေ ဖူလုံစွာရရှိနေပြီဖြစ်သည်။

ပြည့်စုံဖူလုံ

မြင်းခြံမြို့နယ်တွင် ကျေးရွာအုပ်စု ၆၆အုပ်စု ကျေးရွာပေါင်း ၁၈၅ရွာရှိပြီး မြို့နယ်လူဦးရေ ၄၀၁၈၃၅ဦးရှိကာ ကျေးလက်လူဦးရေ ၂၈၀၆၉၃ဦးရှိသည်။ ကျေးရွာများတွင် လက်နှိပ်ပန့်တုံကင် ၅၂ တွင်း၊ စက်ရေတွင်း ၁၅၀ တွင်း၊ စုစုပေါင်း ၂၀၂ တွင်း ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် ကျေးရွာသူကျေးရွာသားတိုင်း သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံဖူလုံစွာ ရရှိနေကြပြီး ရေအတွက် စိတ်သောကဗျာပါဒများစရာမလိုတော့ဘဲ ကြည်နူးဝမ်းသာ အပြုံးပီတိများ ဖြာဝေနေကြပြီဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဈေးသည်များအား ရောင်စုံထီးများလှူဒါန်း

ရန်ကုန် ဇွန် ၁၄

မြို့တော်အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းလှပရေးအတွက် ချယ်ရီဦး နာရီအရောင်းပြခန်းနှင့် နိုင်ဂရုဖ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်း (၃၁လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား) ဈေးရောင်းချသူများအား ရောင်စုံထီးများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပရာ လှူဒါန်းရခြင်းအကြောင်းကို အလှူရှင်ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာ ဦးသက်နိုင်ဦးကရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ဈေးသည် ၂၅ ဦးတို့အား ရောင်စုံထီး၂၅လက်ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က–ပ)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက မီးသတ်မော်တော်ယာဉ် ခြောက်စီးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လူနာတင်ယာဉ် ငါးစီးကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

စာအောင်ဆုနှင်းပွဲနှင့် အလှူရှင်ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၄

တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက်၏ (၇)နှစ်ပြည့်အထိမ်းအမှတ် နှစ်စဉ်ကျင်းပမြဲ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲအောင်မြင်သူများ ဆုနှင်းသဘင်နှင့် ပန်းတစ်ပွင့်တောင် ဘုရားအလှူရှင်များ၊ ပန်းတစ်ပွင့်တောင်ဆရာတော် ပစ္စည်းလေးပါး အလှူရှင်များအား ဂုဏ်ပြုလွှာချီးမြှင့်ပွဲ အခမ်းအနားကို ဝါဆိုလဆန်း ၃ရက် ဇွန် ၁၉ ရက်(စနေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် အလှူရှင်များ၊ တပည့်များ၊ ဒါယကာ ဒါယိကာမများ အချိန်မီ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

ဂျပန်နိုင်ငံ Ibaraki Prefecture ° မှ မော်တော်ယာဉ် ၁၁ စီးလှူဒါန်း

ရန်ကုန် ဇွန် ၁၄

ဂျပန်နိုင်ငံ Ibaraki Prefecture မှ မီးသတ်မော်တော်ယာဉ် ခြောက်စီး၊ လူနာတင်မော်တော်ယာဉ် ငါးစီး စုစုပေါင်း မော်တော်ယာဉ် ၁၁ စီး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Yuji Miyamoto၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အလှူရှင် Ibaraki Prefecture ° မှ ကိုယ်စားလှယ် Mr. Usui Heihachio ° က ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်ထံ မော်တော်ယာဉ် ၁၁ စီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းပြီး လှူဒါန်းရခြင်း၏အကြောင်းကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက မီးသတ်မော်တော်ယာဉ် ခြောက်စီးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသို့ လည်းကောင်း၊ လူနာတင်ယာဉ်ငါးစီးကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သို့လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ Tokyo Myanmar Association မှ Mr. Nagai Nobuo ° က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ မြန်မာဘာသာပြန်ဆိုထားသော ဂျပန်ကလေးပုံပြင်ရုပ်စုံစာအုပ်များကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါ်ကြင်ခိုင်နှင့် ဒေါ်ဌေးဌေးတို့က လက်ခံကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များသည် လှူဒါန်းထားသည့် မော်တော်ယာဉ်များကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အလှူရှင် Ibaraki Prefecture မှ ကိုယ်စားလှယ် Mr. Usui Heihachio က ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း ထံ မော်တော်ယာဉ် ၁၁စီးနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို ပေးအပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ Ibaraki Prefecture ° မှ မီးသတ်မော်တော်ယာဉ် ခြောက်စီး၊ လူနာတင်မော်တော်ယာဉ် ငါးစီး စုစုပေါင်း မော်တော်ယာဉ် ၁၁စီး ပေးအပ်လှူဒါန်းပွဲတွင် မော်တော်ယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ စွမ်းအင်က ဘဏ္ဍာ/ အခွန်အသင်းကိုအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ စွမ်းအင်အသင်းက ဘဏ္ဍာ/အခွန်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမရရှိခဲ့သော ဘဏ္ဍာ/အခွန်အသင်းနှင့် ဒုတိယရရှိခဲ့သော စွမ်းအင်အသင်းတို့၏ ယနေ့ပွဲစဉ်တွင် ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ယှဉ်ပြိုင် ကစားပြီးသည်အထိ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေ၍ အချိန်ပိုဆက်ကစားရာ အချိန်ပိုပထမပိုင်းတွင် စွမ်းအင်အသင်းက ရွှေဂိုးသွင်းယူပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ဆုံတွေ့ခဲ့စဉ်က စွမ်းအင်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့သည် ပထမပိုင်းတွင် အပြန်အလှန် ထိုးဖောက်ကစားနိုင်သော်လည်း ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေဖြစ်နေသည်။ ဒုတိယပိုင်းတွင် စွမ်းအင်အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ရာ ၅၅မိနစ်တွင် နိုင်ဝင်းက သွင်းယူ ပေးသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ချေပဂိုးကို ပွဲချိန်မိနစ် ၉၀ တွင် စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင် ဘောလုံးဖမ်းမိထားသည်ကို ချက်ချင်းကန်မတင်ဘဲ အချိန်ဆွဲသည့်သဘောဖြင့် ခြောက်စက္ကန့်ထက်ပိုကြာအောင် ကိုင်ထားသဖြင့် ကွင်းလယ်ဒိုင်လူကြီးက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည့် ခြောက်စက္ကန့်ဥပဒေအရ ဂိုးဧရိယာအတွင်း အလွတ်တည်ကန်ဘောပေးလိုက်သည်။

အဆိုပါ အလွတ်တည်ကန်ဘောကို ဒုတိယပိုင်းတွင် လွင်ဦးအစားဝင်လာသည့် လက်ရွေးစင်ဟောင်း မျိုးလှိုင်ဝင်းက စွမ်းအင်အသင်း လူတံတိုင်းကာထားသည့်ကြားမှ ကန်သွင်းယူသဖြင့် အချိန်ပိုအထိ ခရီးဆက်ခဲ့ရသည်။ အချိန်ပိုပထမပိုင်း ၁၃ မိနစ်တွင် စွမ်းအင်အသင်းမှ ကြည်အောင်အဝေးမှ ကန်သွင်းသည့် ဘောလုံးကို အောင်ဦးဖမ်းမိပြီးမှ ပြန်လွတ်ကျရာ ထပ်မံဖမ်းယူသော်လည်း စည်းကြပ်ဒိုင်က စည်းကျော်သွားပြီဟုသတ်မှတ်လိုက်သဖြင့် စွမ်းအင်အသင်း ရွှေဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲ၏အကောင်းဆုံးဆုရ စွမ်းအင်အသင်းမှ နိုင်ဝင်း၊ အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲ၌ ဒုတိယရရှိသည့် စွမ်းအင်အသင်းနှင့် အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်)ပြိုင်ပွဲ၌ ဒုတိယရရှိသည့် ဘဏ္ဍာ/အခွန်အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဘဏ္ဍာ/အခွန်အသင်းနှင့် အဆင့်မြင့်တန်းကွင်းပိတ်(ရှုံးထွက်) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော စွမ်းအင်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

ဒေးဗစ်ဘက်ခမ်း ပယ်နယ်တီမဝင် အင်္ဂလန်ဘင်သံတိတ် ဇီဒန်း ပယ်နယ်တီဝင် ပြင်သစ် အိပ်မက်ဆိုးမှလွန်မြောက်

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (EURO 2004) ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၃ ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဆွစ်ဇာလန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။ အုပ်စု(ခ)ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၄ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် လက်ရှိချန်ပီယံ ပြင်သစ်အသင်းနှင့် အင်္ဂလန်အသင်းတို့ယှဉ်ပြိုင်ကစားရာ ပြင်သစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အုပ်စု(ခ)တွင် တစ်ပွဲစီကစားပြီးသွားချိန်၌ လက်ရှိချန်ပီယံ ပြင်သစ်အသင်းက တစ်ပွဲနိုင် (၃)မှတ်၊ ဆွစ်ဇာလန်အသင်းနှင့် ခရိုအေးရှားအသင်းက တစ်ပွဲသရေ (၁)မှတ်စီနှင့် အင်္ဂလန်အသင်းက တစ်ပွဲရှုံး အမှတ်မရသေးပေ။

ပွဲကြီးပွဲကောင်း

တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များ အထူးမျှော်လင့်စောင့်စားခဲ့ကြသော ပြင်သစ်နှင့် အင်္ဂလန်ပွဲစဉ်ကို လစ္စဘွန်းမြို့ရှိ ဥရောပဘောလုံးအဖွဲ့ချုပ်မှ ကြယ်ငါးပွင့်အဆင့် သတ်မှတ်ထားသော Estadio da Luz ကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲကြည့်ပရိသတ် ၆၄၀၀၀ လာရောက်ကြည့်ရှုခဲ့ကြသည်။ ပြင်သစ်နှင့် အင်္ဂလန် ပွဲစဉ်သည် ဘောလုံးဝါသနာရှင်များ ထင်မှတ်ထားသည့်အတိုင်း ပွဲကြီးပွဲကောင်းဖြစ်ခဲ့ပြီး ဘောလုံးရသ ပေးနိုင်ခဲ့သည်။

အင်္ဂလန်အသင်းက ပွဲချိန် ၃၈ မိနစ်တွင် ဖရန့်လမ်းပတ်၏ ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်မှုရရှိခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ တွင် ပြင်သစ်အသင်းအတွက် ဇီဒန်းက အလွတ်တည်ကန်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူလိုက်သဖြင့် ပွဲအဖြေမှာ မထင်မှတ်ဘဲ ပြောင်းသွားခဲ့ရသည်။သရေဖြင့်ပွဲသိမ်းမည်ဟုထင်မှတ်နေစဉ်လေလွင့်ချိန်များအတွက် အစားဖြည့်ပေးသည့် အချိန်ပိုသုံးမိနစ်အတွင်း ပြင်သစ်အသင်း ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ ဇီဒန်းက ဂိုးဝင်အောင်သွင်းနိုင်သဖြင့် ပွဲအပြီးတွင် အင်္ဂလန်ဘင်သံတိတ်သွားခဲ့ရသည်။

ပြင်သစ်ဂိုးပေါက်လွဲ

၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပွဲတွင် နိုင်ပွဲမရှိ၊ သွင်းဂိုးမရှိဘဲ ထွက်ခဲ့ရသော ပြင်သစ်အသင်းသည် ယခုပွဲတွင်လည်း ရှေ့တန်း၌နာမည်ကျော်များဖြစ်ကြသည့် အွန်နရီ(အာဆင်နယ်)နှင့် ထရက်ဇီဂေး(ဂျူဗင်းတပ်)တို့ကိုတွဲ၍ ပွဲထုတ်ခဲ့ရာ ဂိုးပေါက်လွဲနေသဖြင့် အင်္ဂလန်အသင်းနောက်မှ လိုက်ကစားခဲ့ရသည်။ အသင်းခေါင်းဆောင် ဇီဒန်း (ရီးယဲမက်ဒရစ်)၏ အလွတ်ကန်ဂိုးနှင့် ပယ်နယ်တီဂိုးသာမရခဲ့လျှင် ပြင်သစ်အသင်း ကမ္ဘာ့ဖလားပွဲ၌ ကြုံခဲ့ရသည့် အိပ်မက်ဆိုးမှ လွန်မြောက်နိုင်မည် မဟုတ်ပေ။ ၂၀၀၃ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရှင် ဇီဒန်း၏ အသင်းခေါင်းဆောင် ပီသစွာ အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်ခဲ့၍သာ ပြင်သစ်အသင်း အနိုင်ရရှိပြီး လက်ရှိချန်ပီယံဟူသော ဂုဏ်ကို ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းတွင် ပွဲစသည်နှင့် အင်္ဂလန်အသင်းက အဝေးပေး အမြင့်ဘောများကို အသုံးပြုကစားပြီး တိုက်စစ်ဆင်ကစားသလို ပြင်သစ်အသင်းကလည်းအနီးပေး ကစားကွက်စိတ်စိတ်ဖြင့် ကစားရာပွဲမှာ အကြိတ်အနယ်ရှိလှသည်။ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်း ထောင့်ကန်ဘောကန်ပို့ပေးရာ ထရက်ဇီဂေး အပိုင်တိုက်သွင်းသော်လည်း ဂိုးဘားတန်းပေါ်မှ မဆိုသလောက် ကပ်ကျော်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။ ထရက်ဇီဂေး အလှုပ်ကစားပြီး အင်္ဂလန် နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်နိုင်သော်လည်း အွန်နရီမှာ ထင်သလောက် ခြေစွမ်းမပြနိုင်ဘဲဖြစ်နေသည်။



ယူရို-၂၀၀၄ အုပ်စု(ခ)အဖွင့်ပွဲစဉ်တွင် ပြင်သစ်က အင်္ဂလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားရာ ပွဲအပြီးတွင် ပြင်သစ်အတွက် နှစ်ဂိုးသွင်းပေးသူအသင်းခေါင်းဆောင် ဇီဒန်းက ပယ်နယ်တီမဝင်ခဲ့သော ရီးယဲမက်ဒရစ်မှ ကစားဖော် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းအား နှစ်သိမ့်အားပေးနေသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အဖွင့်ဂိုးရ

ပြင်သစ်အသင်း အလယ်တန်းမှ ဘောလုံး ပျက်သွားသည်နှင့် အင်္ဂလန်အလယ်တန်းလူများက ချက်ချင်းဆိုသလို ဘယ်ညာ တောင်ပံများသို့ ဘောလုံးဖြန့်ကစားရာ ပြင်သစ်နောက်တန်းမှ ဂါးလ်လက်၊ ဆီဗက်စတာနှင့် လီဇာရာဇူးတို့ အလူးအလဲ ဖျက်ထုတ်နေရသည်။ ပွဲချိန် ၃၈ မိနစ်တွင် ပြင်သစ်ဂိုး ဧရိယာအပြင်ဘက်တွင် အင်္ဂလန်အသင်း အလွတ်တည်ကန်ဘောရရှိရာ ဖရီးကစ် စပါယ်ရှယ်လစ် ဒေးဗစ်ဘက်ခမ်းက ဂိုးရှေ့သို့ အနေတော် အမြောက်ကန်ပို့ရာ ဖရန့်လမ်းပတ် (ချယ်လ်ဆီး)က နောက်တန်းလူများကြားမှ လှလှပပခေါင်းတိုက်သွင်းယူလိုက်၍ ပြင်သစ်ဂိုးသမား ဘားသက်ဇ် လှုပ်ချိန်ပင်မရဘဲ ဂိုးဝင်သွားခဲ့သည်။

ပြင်သစ်အသင်း ဂိုးပေးလိုက်ရပြီးနောက် ကစားအားတင်ပြီး လျင်လျင်မြန်မြန် ကစားလာရာ အင်္ဂလန်ကွင်းဘက်သို့ အချိန်များများဖိကစားနိုင်ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ သို့သော် ကန်ချက်များမှာ အင်္ဂလန်ဂိုးသမား ဒေးဗစ်ဂျိမ်း၏ ရင်ခွင်ထဲသို့သာ တန်းတန်းမတ်မတ် ရောက်နေ၍ ဂိုးမရခဲ့ပေ။ ပြင်သစ်အသင်းမှ ဇီဒန်းအပါအဝင် တိုက်စစ်မှူးများ ဂိုးရလိုစိတ်စောနေမှုကြောင့် ကန်ချက်များ အပေါ်ထောင်၊ ဘေးထွက်ဖြစ်သွားရသည်။

ဒုတိယပိုင်း

ပြင်သစ်အသင်းသည် ဒုတိယပိုင်းတွင် ပို၍အချိတ်အဆက်မိမိကစားလာနိုင်ပြီး အင်္ဂလန်အသင်းနောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။ အင်္ဂလန်အသင်းက တစ်ဂိုးရထားသဖြင့်ပွဲကိုထိန်းကာ ပိုင်လောက်မှ ရှေ့သို့တင်ကစားနေသည်။ ရှေ့တန်း၌ မိုက်ကယ်အိုဝင် ခြေစွမ်းမပြနိုင်ဘဲ လူငယ်တိုက်စစ်မှူး ဝိန်းရူနီ တိုက်စစ်ရော ခံစစ်ပါလိုက်ကစားပြီး မွှေနှောက် ထိုးဖောက်နိုင်ခဲ့သည်။ ဒေးဗစ်ဘက်ခမ်းနှင့် ဖရန့်လမ်းပတ်တို့ အချိတ်အဆက်မိမိဖြင့် အပေးအယူလုပ်ကစားပြီး စတီဗင်ဂျာရတ်နှင့် ပေါလ်စခိုးတို့ကလည်း တိုက်စစ်ကို လိုက်ပါ အားဖြည့်ပေးခဲ့သည်။

ပြင်သစ်အသင်းမှ အာဆင်နယ်အတွဲဖြစ်သော ရောဘတ်ပီရက်စ်၊ ဗီယာရာနှင့် အွန်နရီတို့ အတွဲအဖက်ညီညီကစားနိုင်သော်လည်း အင်္ဂလန်နောက်တန်းမှ အာဆင်နယ်ကစားသမားများဖြစ်သော ဆိုးကမ်းဘဲလ်နှင့် အက်ရှလေကိုးလ်တို့က ၎င်းတို့အကြောကိုနှောကျေအောင်သိနေ၍ လုပ်ချင်တိုင်းလုပ်၍မရခဲ့ပေ။ အလယ်တန်းအတွင်းလူနေရာတွင် ဗီယာရာ၊ မက်ခီလီလီနှင့် ဇီဒန်းတို့ လူချင်းမကြာခဏ ထပ်နေရာ ဒုတိယပိုင်းတွင် ဇီဒန်းက ဘယ်အခြမ်းသို့ ထွက်ကစားပေးမှသာ ဘောလုံးအထွက်ကောင်းလာခဲ့သည်။

ပယ်နယ်တီပေးရ

ပြင်သစ်အသင်းက ကွင်းတစ်ဝက်ဖိကစားနေရင်း ပွဲချိန် ၇၃ မိနစ်တွင် အင်္ဂလန်အလယ်တန်းမှ ကန်တင်ပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူး ဝိန်းရူနီက လူကျွံထောင်ချောက်မှ လွတ်ထွက်ပြီး တစ်ဦးတည်း ဘောလုံးဆွဲယူလာသည်။ ဝိန်းရူနီ၏ လျင်မြန်မှုနှင့် ကြံ့ခိုင်မှုကို ပြင်သစ်နောက်ခံလူ ဆီဗက်စတာမထိန်းနိုင်ဘဲ နောက်မှ ကပ်လိုက်လာရင်း ဂိုးဧရိယာထဲ အရောက်တွင် ဝိန်းရူနီအား ခြေထိုးခံ၍ လဲချလိုက်ရာ ဒိုင်လူကြီးက ပယ်နယ်တီပြစ်ဒဏ်ဘော ပေးပြီး ဆီဗက်စတာကို အဝါကတ်ပြလိုက်သည်။

အကယ်၍ ဝိန်းရူနီသာ လွတ်ထွက်သွားပြီး ကန်ခွင့်ရခဲ့လျှင် သေချာပေါက် ဂိုးဝင်နိုင်သည့်အနေအထားဖြစ်၍ ပယ်နယ်တီပေးရမည့် ပြစ်ဒဏ်ပင်ဖြစ်သည်။ အင်္ဂလန် ပယ်နယ်တီရသည်နှင့် တစ်ကွင်းလုံးရှိ အင်္ဂလန်ပရိသတ်များ အထူးပျော်ရွှင်သွားကြပြီး အားပေးသံများ မြည်ဟိန်းထွက်လာခဲ့သည်။ ပြင်သစ်အသင်းနှင့် ပြင်သစ်ပရိသတ်အဖို့မှာမူ ပယ်နယ်တီသာဝင်ခဲ့လျှင် ရှုံးရန်သေချာသလောက်ရှိသွားပြီဖြစ်၍ ရင်ဘတ်ဖိထားရသည့်အနေအထားပင်ဖြစ်သည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ဘောကို အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ကန်သွင်းရာ ပြင်သစ်ဂိုးသမား ဘားသက်ဇ် ပုတ်ထုတ်ကာကွယ်နိုင်သဖြင့် ပြင်သစ်အသင်းသားများ အားတက်သွားကြသည်။ဒေးဗစ်ဘက်ခမ်းနှင့်ဘားသက်ဇ်တို့မှာ မန်ချက်စတာယူနိုက်တက်အသင်းမှ ကစားဖော်ဟောင်းများဖြစ်ခဲ့ကြသည့်အတွက် ဒေးဗစ်ဘက်ခမ်း၏ ကန်ချက်ကို ဘားသက်ဇ်က သိထားပုံရပြီး ပိုင်ပိုင်နိုင်နိုင် ပုတ်ထုတ်သွားနိုင်ခဲ့သည်။

အဲရစ်ဆင်၏အမှား

ပြင်သစ်အသင်းသည် ပယ်နယ်တီဂိုးမပေးရသည့်အတွက် စိတ်အားတက်သွားပြီး အရှုံးဂိုးချေပနိုင်ရေးအဆက်မပြတ် ထိုးဖောက်ကစားလာသည်။ ပြင်သစ်ဘယ်နောက်ခံလူ လီဇာရာဇူး (ဘိုင်ယန်မြူးနစ်)သည် တိုက်စစ်၌ လိုက်ပါ ကစားသော်လည်း ဂယ်ရီနဗီးလ် (မန်ယူ)ကို မကျော်နိုင်ဘဲ ဂိုးရှေ့သို့ဖြတ်ပို့သည့် ဘောလုံးများကလည်း လူထိထွက်နေသည်ကများသည်။ နောက်ပိုင်းတွင် ဇီဒန်း ဘယ်ခြမ်းထွက်၍ လီဇာရာဇူး၊အွန်နရီတို့နှင့် အပေးအယူလုပ်ကစားပြီး ထိုးဖောက်ရာ ဂိုးရနိုင်သည့် အနေအထားများဖြစ်ပေါ်လာသည်။ အသင်းခေါင်းဆောင် ဇီဒန်းအထူးကြိုးစားပြီး ဘောလုံးပညာခန်း ပြနိုင်ခဲ့သည်။

ပြင်သစ်အသင်း ခြေအသာဖြင့် ဖိကစားလာချိန်တွင် အင်္ဂလန်နည်းပြ အဲရစ်ဆင်က လူစားနှစ်ဦး ထပ်မံလဲလှယ်လိုက်သည်။ မိုက်ကယ်အိုဝင်ကို အမ်မီလီဟက်စကီးနှင့် ပွဲချိန် ၆၉ မိနစ်၌ လူစားလဲခဲ့ပြီး ရှေ့တန်းမှ ဝိန်းရူနီအစား ဒါးရီးယက်ဗက်ဆဲလ်နှင့် အလယ်တန်းမှ ပေါလ်စခိုးအစား အိုဝင်ဟားဂရေ့စ်ကို ၇၆ မိနစ်၌ ထပ်မံလဲလိုက်ခြင်းဖြစ်သည်။ အဲရစ်ဆင် လူစားလဲ မှားသွား၍ ပြင်သစ်အသင်းအကြိုက် တွေ့သွားရသည်။ ပြင်သစ်အသင်းကလည်း အဝါကတ်ထိထားသည့် ရောဘတ်ပီရက်စ်အစား ဝီးလ်တော့ဒ်၊ အဝါကတ် ထိထားသည့် ဆီဗက်စတာအစား ဝီလီဆစ်ဂနောတို့ကို လူစားလဲလိုက်သည်။ အင်္ဂလန် ရှေ့တန်းတွင် မိုက်ကယ်အိုဝင်နှင့် ဝိန်းရူနီတို့ မရှိတော့၍ ပြင်သစ်နောက်တန်း တန်ပြန်တိုက်စစ်ဖြင့် ဂိုးပေးရမည်ကို စိုးရိမ်စိတ်လျော့ပါးသွားပြီး တိုက်စစ်ကို အားဖြည့်လာနိုင်ခဲ့သည်။

အဲရစ်ဆင်က ဂိုးထပ်မံရရှိရေးထက်ဂိုးမပေးရရေးကို အဓိကထားကာ တစ်ဂိုးဖြင့် အနိုင်ယူလိုဟန်ရှိသည်။ အဲရစ်ဆင်လူစားလဲလိုက်သည့် အချိန်မှာ ပွဲပြီးရန် ၂၄ မိနစ် လိုနေသေးပြီး လဲလိုက်သူများမှာလည်း တစ်ဖက်အသင်းကို အချိန်ပြည့် ခြိမ်းခြောက်နေသူများ ဖြစ်သည်။ ခြေစွမ်းပြနေသော ဝိန်းရူနီကို လူစားလဲလိုက်ခြင်းမှာ အဆိုးရွားဆုံးအမှားပင်ဖြစ်သည်။ လူစားဝင်လာသော ဟက်စကီးနှင့် ဗက်ဆဲလ်တို့မှာ မိုက်ကယ်အိုဝင်နှင့် ဝိန်းရူနီ အတွဲလောက် ပြင်သစ် နောက်တန်းကို ဒုက္ခမပေးနိုင်ခဲ့ပေ။

ချေပဂိုး

ဘောလုံးပွဲများတွင် ပွဲသိမ်းခရာမမှုတ်မချင်း အနိုင်အရှုံးကို ပြော၍မရဟူသော စကားရပ်အတိုင်း ပြင်သစ်နှင့် အင်္ဂလန်ပွဲတွင်လည်း ပွဲပြီးရန် မိနစ်ပိုင်းအတွင်း အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ အဲရစ်ဆင်လူစားလဲပြီး ထည့်လိုက်သော ဟက်စကီးက အင်္ဂလန်ဂိုးဧရိယာအစပ်၌ ပြင်သစ်မှ ဗီယာရာကို ကြမ်းတမ်းစွာကစားသဖြင့် အလွတ်တည်ကန်ဘော ပေးရသည်။ အဆိုပါ ပြစ်ဒဏ်ဘောမှာ ပြင်သစ်အသင်းအတွက် သရေကျနိုင်သော နောက်ဆုံးအခွင့်အရေးပင် ဖြစ်သည်။ အလွတ်တည်ကန်ဘောကို ဇီဒန်း ကန်သွင်းချိန်တွင် ပွဲချိန်မိနစ် ၉၀ ရှိနေပြီး အချိန်ပိုသုံးမိနစ်သာပေးထားသည်။ ဇီဒန်းသည် အလွတ်တည်ကန်ဘောကို အင်္ဂလန်အသင်း လူတံတိုင်းကိုကျော်၍ ဒေးဗစ်ဂျိမ်း၏ ညာဘက်သို့ ထောင့်ကျကျကန်သွင်းရာ ချိန်သားကိုက် လှလှပပ ဂိုးဝင်သွားကာ ချေပဂိုးရသွားသည်။

အနိုင်ဂိုး

ယခုပွဲတွင်သရေဆိုလျှင် ပြင်သစ်အတွက် ကျေနပ်သင့်သော အဖြေဖြစ်သော်လည်း လေလွင့်ချိန်အတွက် အစားဖြည့်ပေးသည့် သုံးမိနစ်မပြည့်မီမှာပင် အနိုင်ဂိုးရသွားသည်မှာ မယုံနိုင်စရာပင်ဖြစ်သည်။ အင်္ဂလန် အလယ်တန်းလူ စတီဗင်ဂျာရတ် နောက်ပြန်အပေးမှားသည့် ဘောလုံး လိုရာမရောက်ဘဲဖြစ်သွားစဉ် အွန်နရီ ကြားဖြတ်ဆွဲယူသွားသည်။အင်္ဂလန်ဂိုးသမား ဒေးဗစ်ဂျိမ်း မလိုအပ်ဘဲ ပြေးထွက်လာပြီး အွန်နရီကို လူရောဘောလုံးပါ ဆွဲလှဲချလိုက်၍ ပယ်နယ်တီပြစ်ဒဏ်ဘောပေးလိုက်ရသည်။

ကံကြမ္မာ အလှည့်အပြောင်းမှာ မြန်ဆန်လှသည်။ အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ပယ်နယ်တီ မဝင်သော်လည်း ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက တည်တည်ငြိမ်ငြိမ်ဖြင့် ကန်သွင်းရာ ဂိုးဝင်သွားခဲ့သည်။ ပြင်သစ်အသင်းဒုတိယဂိုးရရှိသွားပြီးနောက် ပွဲချိန်စေ့သွားရာ အင်္ဂလန်အသင်းသားများ ခေါင်းငိုက်စိုက်ကျသွားသလို အင်္ဂလန်ကိုအားပေးသူပရိသတ်များလည်း မပြုံးနိုင် မရယ်နိုင်ဖြစ်သွားခဲ့ရသည်။ တစ်ပြန်တစ်လှည့် ပျော်ရွှင်ခွင့်ရသွားခဲ့ကြသည်က ပြင်သစ်ပရိသတ်များပင် ဖြစ်သည်။

ပြင်သစ်နှင့်အင်္ဂလန်ပွဲတွင် ရီးယဲမက်ဒရစ် ကစားဖော်နှစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်းနှင့် ဇီဒန်းတို့ အဓိကကျနေသည်ဟု သုံးသပ်ခဲ့ကြသည့်အတိုင်း ပွဲအဖြေမှာ ၎င်းတို့နှစ်ဦးနှင့် အဓိက သက်ဆိုင်ခဲ့သည်။ ဒေးဗစ်ဘက်ခမ်းက ပထမဂိုးရအောင် ဖန်တီးပေးနိုင်ခဲ့သော်လည်း ပယ်နယ်တီ မဝင်၍ လူကြမ်းမင်းသားဖြစ်ခဲ့ရပြီး ဇီဒန်းက ဖရီးကစ်မှ တစ်ဂိုး၊ ပယ်နယ်တီမှ တစ်ဂိုးသွင်းပေးနိုင်ခဲ့၍ သူရဲကောင်းဖြစ်သွားရသည်။ ပိုကောင်းသည့် အသင်းက နိုင်စမြဲဆိုသည့် အားကစားလောကမှ ဆိုရိုးစကားအရဆိုလျှင် ပြင်သစ်အသင်းက အင်္ဂလန်အသင်းထက် ပိုကောင်းသည်ဟု ပြောရမည်ဖြစ်သည်။

သူတို့ပါဝင်

ပြင်သစ်အသင်းတွင် (**ဂိုး**)ဘားသက်ဇ်၊ (**နောက်တန်း**) ဆီဗက်စတာ (ဝီလီဆစ်ဂနော)၊ လီဇာရာဇူး၊ သူရမ်၊ ဂါးလ်လက်စ်၊ (**အလယ်တန်း**) ရောဘတ်ပီရက်စ် (ဝီးလ်တော့ဒ်)၊ ဇီဒန်း၊ ဗီယာရာ၊ မက်ခီလီလီ၊ (**ရှေ့တန်း**) အွန်နရီနှင့် ထရက်ဇီဂေးတို့ ပါဝင် ကစားခဲ့ကြသည်။ ပြင်သစ်အသင်းမှ ရောဘတ်ပီရက်စ်နှင့် ဆီဗက်စတာတို့ အဝါကတ်ပြခံရသည်။

အင်္ဂလန်အသင်းတွင်(**ဂိုး**)ဒေးဗစ်ဂျိမ်း၊ (**နောက်တန်း**) ဆိုးကမ်းဘဲလ်၊ အက်ရှလေကိုးလ်၊ ဂယ်ရီနဗီးလ်၊ လက်ဒလေကင်း၊ (**အလယ်တန်း**) ဒေးဗစ်ဘက်ခမ်း၊ စတီဗင်ဂျာရတ်၊ ဖရန့်လမ်းပတ်၊ ပေါလ်စခိုး (အိုဝင်ဟားဂရေ့စ်)၊ (**ရှေ့တန်း**)မိုက်ကယ်အိုဝင် (ဟက်စကီး)၊ ဝိန်းရူနီ(ဗက်ဆဲလ်)တို့ ပါဝင် ကစားခဲ့ကြသည်။ ဖရန့်လမ်းပတ်၊ ပေါလ်စခိုးနှင့် ဒေးဗစ်ဂျိမ်းတို့ အဝါကတ်ပြခံခဲ့ကြရသည်။ ။

(မြန်မာ့အလင်း)

ပြင်သစ်နှင့်အင်္ဂလန်ပွဲတွင် အင်္ဂလန်အတွက် အဖွင့်ဂိုးကို ဒေးဗစ်ဘက်ခမ်း၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဖရန့်လမ်းပတ်က ခေါင်းတိုက်သွင်းယူလိုက်ရာ ဂိုးဝင်သွားပြီးနောက် ပြင်သစ်ဂိုးသမား ဘားသက်ဇ်အား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ဇွန် ၁၂ရက်က ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ ဒဂုံတက္ကသိုလ် ဝန်ထမ်းမိသားစုများမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲကို ဒဂုံတက္ကသိုလ် စာသင်ဆောင်(၄)တွင် ပြုလုပ်ရာ မြို့နယ်ဦးစီးဌာနမှူး ဦးခင်ဦးက လက်ထောက် မော်ကွန်းထိန်း ဦးဘဖေအား ဝန်ထမ်းမိသားစုများ၏ကိုယ်စား ပေးအပ်စဉ်။

(က-ပ)

ရောင်းမည်

ရန်ကုန်မြို့လယ် စီးပွားရေး အချက်အချာကျသော ဗိုလ်အောင်ကျော်လမ်း၊ အိုလံပစ်တာဝါတွင် စတုရန်းပေ ၃၀၀၀ ရှိ နှစ်ခန်းတွဲ အခန်းကျယ်။ ဖုန်း-၇၂၇၅၅၈။



ခြံနှင့်ဆိုင်တိုက်ခန်းရောင်းမည်

ခြံ

ပြည်လမ်း၊ ငါးမိုင်ခွဲ မြကန်သာ(၁)လမ်း၊ ဒုတိယဂုတ်ခြံ ဝ၁သမ၂၂၈ ဧက ပင်မတစ်ထပ်တိုက်၊ နှစ်ထပ်တိုက်အသေးနှင့် တစ်ထပ်ဂိုထောင်ပူးတွဲပါ။

ဖုန်းနှင့် မီတာ သုံးလုံး၊ အဝီစိတွင်းပါ။

ဆိုင်တိုက်ခန်း

ကမာရွတ် လှည်းတန်းမီးပွိုင့်၊ အင်းစိန်လမ်းမ၊ မြေညီထပ် နေရာကောင်း၊ ထပ်ခိုးတစ်ဝက်ပါ၊ ဖုန်းပါ။

ဆက်သွယ်ရန်-

၀၉၉၉၂၅၆၂၀

၀၉၈၀၂၁၃၂၅

(ပွဲစားမလိုပါ)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)ရပ်ကွက်၊ အိမ်အမှတ် (၅၉၁)နေ ဦးကြည်စိန်-ဒေါ်ဝေတို့၏ သား

ဗိုလ်ကြီးဇော်နိုင် B.Sc (D.S.A)
M.A (Myanmar), Ph.D (Thesis) (YU)
(နည်းပြ၊ မြန်မာစာဌာန၊ စစ်တက္ကသိုလ်)

နှင့်

ဟိုပုံးမြို့၊ အရှေ့ရပ်ကွက်၊ အိမ်အမှတ် (၁၂၄)နေ ဦးအောင်ခင်-ဒေါ်မြစီတို့၏ သမီးထွေး

နန်းသန်းသန်းစိန် B.A (Myanmar)
M.A, Ph.D (Thesis) (YU)
(နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)

တို့၏ ၆-၆-၂၀၀၄ရက်တွင် ဟိုပုံးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသည့် နှစ်ဖက်သော မိဘအသိုင်းအဝိုင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဇော်နိုင်-နန်းသန်းသန်းစိန်။

(၁၉)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး ကျော်သန်းဌေးနှင့် **ချစ်မေမေ** ဒေါ်မြမြတို့၏ ၁၅-၆-၂၀၀၄ရက်တွင် ကျရောက်သော (၁၉)နှစ်မြောက် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင် ချစ်သောသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန် ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး -ဝတ်ရည်နန္ဒာကျော် (ပ-နှစ်သတ္တဗေဒ၊ ဒဂုံ)

ချစ်သမီးလတ်-ခိုင်ဝတ်မှုံကျော် (IX) အထက(၅)မရမ်းကုန်း

ချစ်သမီးငယ်- မေမြတ်မွန်ကျော်(IV)အထက(၅)မရမ်းကုန်း။

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

ကာတွန်းမြေဇာ၏ မျက်နှာဖုံးကာတွန်းနှင့် ငွေကြည်၏ လုပ်လိုက်ပုံ ကာတွန်းဇာတ်လမ်း အပါအဝင်၊ ဆရာ သာဂဒိုး၊ မောင်နေမျိုး၊ ဖိုးဉာဏ်၊ သုဝဏ္ဏကျော်စိန်၊ ကာတွန်းမြင့်စိုးလေး၊ တွတ်တွတ်၊ ဆြာကြီးထိန်၊ ဆူးချွန် (ပန်သစွာ)၊ အောင်နိုင်လွင့် (မော်လမြိုင်)၊ မောင်ဉာဏ်ကျယ်၊ မိုးထက်ငြိမ်၊ မိုးမခ(စစ်ကိုင်း)၊ အောင်ချမ်း (ပွဲတိုင်းကျော်)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး ရုပ်ပုံလွှာတို့ဖြင့် ဟာသဂျာနယ် အတွဲ (၂)၊ အမှတ် (၄၅)ကို ဝါမိုးအောင်စာပေ၊ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

အမြန်ပြန်လာပါ

သား အောင်အောင်

မေမေ စိတ်ပူနေတယ်။ အမြန်ပြန်လာပါ။

မေမေ။

C B BANK
CO-OPERATIVE BANK LTD.
သမဝါယမဘဏ်လီမိတက်

သမဝါယမဘဏ်လီမိတက်၊ သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် နှင့်
တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက်တို့ကို ပူးပေါင်းပြီး
သမဝါယမဘဏ်လီမိတက်(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်)အဖြစ်
(၁၅-၆-၂၀၀၄) နေ့မှစတင်၍ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်းနှင့်
C B BANK ၏ Customer များအတွက်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ပိုမိုပြည့်စုံစွာဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါကြောင်း။

Let's Win Win Together!

ဝမ်းမြောက်စွာဂုဏ်ပြုအပ်ပါသည်

သမဝါယမဘဏ်လီမိတက် CB BANK အား အခြေခံဘဏ်အဖြစ် ထားရှိလျက်
တောင်သူလယ်သမားများသမဝါယမဘဏ်လီမိတက် နှင့်
သမဝါယမမြှင့်တင်ရေးဘဏ်လီမိတက် တို့ အတူတကွ ပူးပေါင်းပြီး ပြည်သူများအတွက်
ငွေကြေးဝန်ဆောင်မှု အပြည့်အဝ ပေးနိုင်မည့် သမဝါယမဘဏ်လီမိတက် CB BANK
(အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်) အဖြစ် (၁၅-၆-၂၀၀၄)နေ့တွင် ပေါက်ဖွားရှင်သန်ခြင်းနှင့်
အောင်မြင်ခြင်းအတွက် ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

[illegible] + [illegible]
[illegible]

မြို့ပြများသာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၉ ရက် နံနက်ပိုင်းက စစ်တွေမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ရန်ကုန်–စစ်တွေ ပြည်ထောင်စုလမ်းမကြီး စစ်တွေ–အမ်း လမ်းအပိုင်းရှိ လမ်းနှင့်တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့နယ်ရှိ ကျောက်တန်းချောင်းတံတားသို့ ရောက်ရှိပြီး လက်ရှိတံတား၏ ကြံ့ခိုင်မှုအခြေအနေများနှင့် အသစ်တည်ဆောက်မည့်တံတားအတွက် မြေစမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိုးမြင့်၊ ပြည်နယ် အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် တံတားအထူးအဖွဲ့(၁၀)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်တို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်ရှိ ကျောက်တန်းချောင်းတံတားမှာ ၁၉၈၁ ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး အရှည်ပေ ၃၄၀နှင့် ခံနိုင်ဝန်အား ၁၃တန်သာရှိသော ဘေလီကြိုးတံတားဖြစ်သည်။

ယခုအခါ ယာဉ်သွားလာမှု များပြားလာခြင်းနှင့် ခံနိုင်ဝန်အားနည်းနေခြင်းတို့ကြောင့် ခံနိုင်ဝန်အား တန် ၆၀ရှိ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းကျေးရွာရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြားကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းတံတားနှင့် မင်းချောင်းတံတားကြားရှိ လမ်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး မင်းချောင်းတံတား၏ ကြံ့ခိုင်မှု အခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အင်ဂျင်နီယာမှူး ဦးသိန်းကျော်နှင့် တာဝန်ရှိသူများက မင်းချောင်းတံတား၏ ကြံ့ခိုင်မှုအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တံတားကြီး ရေရှည်တည်တံ့ကြံ့ခိုင်ရေးအတွက် အစဉ်မပြတ် ထိန်းသိမ်းမွမ်းမံဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကင်းချောင်းတံတားသို့ ရောက်ရှိပြီး တံတား၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကင်းချောင်းတံတားကို ၁၉၉၈ခုနှစ်က ဖွင့်လှစ်ခဲ့ပြီး အရှည်ပေ ၄၄၀ရှိ ဘေလီအမျိုးအစားတံတားဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိပြီး ပုဏ္ဏားကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇ်မင်္ဂလာခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး လူနာများအား အားပေးစကားပြောကြား၍ ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သော ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးရေး ညှိနှိုင်းပေးခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဆောင်ရွက်နေသည့် ငရုတ်ကောင်းမျိုး ပြန့်ပွားရေးနှင့် ပညာပေးရေးစံပြခြံသို့ရောက်ရှိရာ စံပြခြံတာဝန်ခံ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်သန်းဝင်းက ပျိုးခြံနှင့်ပျိုးပေါင်များ ပြုလုပ်ထားရှိမှု၊ စိုက်ပျိုးနည်းစနစ်များ ပြသခြင်းနှင့် သုတေသန နည်းပညာပေးကွက်များ ဆောင်ရွက်ထားရှိမှု၊ ငရုတ်ကောင်းစိုက်ကွင်းများ ဖော်ထုတ်ထားရှိမှု၊ ပျိုးပင်များနှင့် နည်းပညာပေးဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကြည်ဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စံပြခြံအတွင်းရှိပျိုးရုံ (၂)တွင် ပျိုးထောင်ထားသည့် ကိုင်းပျိုးငရုတ်ကောင်းစိုက်ခင်း၊ မြေပုံစိုက်နည်းစနစ်၊ စင်တင်စိုက်နည်းစနစ်၊ ကျောက်ပုံစိုက်နည်းစနစ်၊ အစေ့ပျိုးပင် ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါငရုတ်ကောင်းပျိုးခြံတွင် အစေ့မှ စိုက်ပျိုးပင် နှစ်သိန်း၊ ကိုင်းကူးပင် နှစ်သိန်း ပျိုးထောင်ထားပြီး ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးဒေသရှိငရုတ်ကောင်းစိုက်ပျိုးသူများထံ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

မှာကြားဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်အခြေခံပညာမူလတန်းကျောင်းရှိ ဘဲငါးရာတောင်ခြေ လယ်ယာမြေဧက ၁၀၀၀ ဖော်ထုတ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်က ဂဏန်းတောင်၊ သဲတော၊ယိုးတရုတ်၊ရှင်တော်၊ကြံခင်း၊ပန်းနီလာ၊ အောင်ဖြူပြင်၊ ယိုးငူကွင်းများ၌ စက်ယန္တရားများဖြင့် လယ်ယာမြေ ဖော်ထုတ်နေမှု အခြေအနေများ၊ ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ်တွင် ဧက ၃၀၀ ဖြစ်ထွန်းအောင် စိုက်ပျိုးရေးနှင့်လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် စစ်တွေ–အမ်းလမ်း အပိုင်း–၃(မြောင်းဘွေ–စစ်တွေလမ်းပိုင်း) မိုင်တိုင်အမှတ် ၁၅၂/၀မှ ၁၆၂/၀အတွင်း ကျောက်ထပ်ပိုးလွှာတင်ခြင်းနှင့် ကတ္တရာရေပိတ်လွှာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လမ်းအပိုင်း(၃) အင်ဂျင်နီယာမှူး ဦးကျော်လှိုင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးခင်မောင်က စစ်တွေ–အမ်းလမ်းကို အမ်း–ယောချောင်းအပိုင်း၊ ယောချောင်း–မြောင်းဘွေအပိုင်း၊ မြောင်းဘွေ–စစ်တွေအပိုင်းဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားပြီး ပြုပြင်မွမ်းမံမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရာသီမရွေး လွယ်ကူမြန်ဆန်စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်မှုများကို ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ကစ္ဆပနဒီခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံအမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများချမှတ်၍ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်၍လည်းကောင်း၊ မြို့ပြများသာမက ကျေးလက်များပါ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဒေသဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျေးလက်အထိ ကွင်းဆင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဒေသခံများ၏ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေများ တိုးတက်ကောင်းမွန်စေရန် ဒေသခံများနှင့် ပူးပေါင်း၍မိမိတို့ စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် ယခုအခါ မိုးရာသီရောက်ရှိလာပြီဖြစ်၍ မိုးစပါးစိုက်ပျိုးရေးကို သတ်မှတ်ချက်ထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့မြို့ရွာ သန့်ရှင်းလှပစေရေးအတွက် အရိပ်ပင်၊ အလှပင်၊ လေကာပင်များကို အင်တိုက်အားတိုက် စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး မကွေးမြို့မဈေးတွင် ကွင်းဆင်းစစ်ဆေး

မကွေး ဇွန် ၉

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဇွန်၈ရက် နံနက်က မကွေးမြို့ မြို့မဈေးကြီး၌ ဝမ်းလျှော ဝမ်းပျက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်သုပ်ဆိုင်များ၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲမုန့်ဖတ်များ၊ အမှည့်လွန်အသီးများရောင်းချမှုမရှိရေးနှင့် သန့်ရှင်းလတ်ဆတ်သော အသားငါးများအား ယင်မနားစေရေး၊ ဖုံးအုပ်ရောင်းချစေရန် ကွင်းဆင်းစစ်ဆေးပညာပေးမှုကို မကွေးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ ဒုတိယဦးစီးမှူး(ဈေး)နှင့် မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မကွေးမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများမှ ပူးပေါင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ မော်ကျွန်းမြို့နယ်ကျည်းချောင်းရွာ၌ကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၉

မော်လမြိုင်ကျွန်းမြို့နယ် ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျည်းချောင်းကျေးရွာတွင် ကျပ် ၂၂သိန်းတန် အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇွန်၈ရက်နံနက်၁၀နာရီက ကျည်းချောင်းကျေးရွာ အခြေခံမူလတန်း ကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကျောင်းဆောင်သစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ပညာရေးမှူးဦးညွန့်ရွှေနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ဆောက်လုပ်ပြီးစီးသွားသော ကျည်းချောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်သစ်အား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဌာနမှတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **(ဝ၉၇)**

ဇွန်၂ရက်က ညောင်တုန်းမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် အောင်သုခလမ်းဆုံရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အလှူရှင်ဦးပိုက်လှူဒါန်းသော မြောင်းကူးရေပြွန်များ မြောင်းများအတွင်းသို့ စနစ်တကျချထားရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးသက်ပိုင်နှင့် တာဝန်ရှိသူများ စီစဉ်ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (ဝ၉၈)

ကွန်ပျူတာပေးအပ်လှူဒါန်းပွဲနှင့် ချို့တဲ့ကလေးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇွန် ၅

၂၀၀၄–၂၀၀၅ပညာသင်နှစ် ကွန်ပျူတာ ပေးအပ်လှူဒါန်းပွဲနှင့် ချို့တဲ့ကလေးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ရက် နံနက် ၈နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေး ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ၊စစ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်မိဘပြည်သူများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ကွန်ပျူတာ လိုအပ်သော အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်း အတွက် ကျပ်၂၆၄၀၀၀၀ တန်ဖိုးရှိ ကွန်ပျူတာရှစ်လုံးကို ပေးအပ်လှူဒါန်းရာ တွဲဖက်ပြည်နယ် ပညာရေးမှူး ဆရာကြီးဦးစောထွန်းက လက်ခံရယူသည်။

လက်ခံရယူ

ဆက်လက်၍ ရှမ်းပြည်နယ် အရှေ့ပိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်ပြုံးဝင်းက ချို့တဲ့ကလေးများအတွက် ပညာသင် ထောက်ပံ့ကြေးကျပ် ၂၈၉၀၀၀၀ကိုလည်းကောင်း၊ မိုင်းဆတ် ခရိုင်နှင့် တာချီလိတ်ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ချို့တဲ့ကလေးများအား ပညာသင်ထောက်ပံ့ကြေး ၂၀၇၇၂၆၅ကျပ်ကို ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွဲဖက် ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးစောထွန်းက လက်ခံရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ကျပ် ၁၂၀၉၀၀၀၀ တန်ဖိုးရှိ သူငယ်တန်းဖတ်စာအုပ်အစုံ ၉၃၀၀ကို တွဲဖက် ပြည်နယ်ပညာရေးမှူးဆရာကြီး ဦးစောထွန်းက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးဆလိုင်းချစ်စိန်က လက်ခံရယူ သည်။ **(ခရိုင် ပြန်/ဆက်)**

(၄၈)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၄

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ ဦးလှဝင်း **(ပုံ)** ငွေကိုင်(၂)သည်ဗဟိုအမျိုးသားသွေးလှူဘဏ်တွင်(၄၈)ကြိမ်မြောက် သွေးလှူဒါန်းသွားကြောင်းသိရသည်။**(က–ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရည်မှန်းချက်လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်သူများ လှည်းကူးမြို့နယ်၌ ဂုဏ်ပြုပွဲကျင်းပ

လှည်းကူး ဇွန် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင်လှည်းကူး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် မြို့နယ် ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၁၀ရက်က ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်း တက်ရောက်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြို့နယ် ရည်မှန်းချက်လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (က–ပ)**

သံဖြူဇရပ်မြို့နယ် ဝါခရူကျေးရွာအုပ်စု နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကိုဇွန် ၆ရက်က ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန မြို့နယ်ဦးစီးအရာရှိဦးစောဝင်းနှင့်ဝန်ထမ်းများ ရွာသူရွာသားများ ကိုယ်စား ဝါခရူကျေးရွာဥက္ကဋ္ဌ ဦးစိုးတင်သို့ ပေးအပ်စဉ်။

(မြို့နယ်လဝက)

ဇွန် ၅ ရက်က တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုနှင့် ဇနီးဒေါ်စဝ်နွန်းခွန်ဆမ် မိသားစုတို့က ချောက်မြို့ အထက (၁) သင်ထောက်ကူ စာသင်ခန်း တွင် အသုံးပြုရန် ကွန်ပျူတာ တစ်စုံနှင့် ပရင်တာတစ်လုံးပေး အပ်လှူဒါန်းရာ အလှူရှင်ကိုယ်စား အစ်မကြီးဖြစ်သူ မကွေးခရိုင် ပြန်/ ဆက်မှ ဒေါ်သင်းသင်းတိုး၊ ညီမ ဖြစ်သူ အထက(၂)မှ ဒေါ်ခင်ထား ထားတို့က ကျောင်းအုပ်ကြီးသို့ လှူဒါန်းစဉ်။(မြို့နယ် ပြန်/ဆက်)

မြို့သာယာလှပရေးနှင့်ပန်းအလှစိုက်ပျိုးမှုကြည့်ရှု

ကြံခင်း ဇွန် ၈

ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့် အဖွဲ့သည် ကြံခင်းမြို့နယ်စည်ပင် သာယာရေးအဖွဲ့သို့ ဇွန် ၅ ရက်က ရောက်ရှိပြီး မြို့သန့်ရှင်းသာယာလှပ ရေး ဆောင်ရွက်ထားသော လုပ်ငန်း များကို စစ်ဆေးဆောင်ရွက်ကြသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင် ရွက်သည့်ဘတ်ရဲအဝင် တံတား တည် ဆောက်မည့်နေရာနှင့် ကျောက်ချော လမ်းခင်းနိုင်ရေးအတွက် ကျောက်ကြီး များ စုဆောင်းမှု **(အောက်ပုံ)** ကို စစ်ဆေးကြပြီး မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ မိုးရာသီ ပန်းအလှများ စိုက်ပျိုးထားရှိမှု၊ ပျိုးဥယျာဉ် ထူထောင် ထားမှု၊ သားငါး ပုံကျဈေးရုံနေရာ၊ လမ်းများ ရေစီးရေလာကောင်းမွန်စေ ရေးနှင့် မြို့တွင်း ပန်းခြံများအား လှည့်လည် စစ်ဆေးပြီး မြို့ဝင် မြို့ထွက် မြေခင်းအလှ ဆောင်ရွက်သည့် နေရာ များ၌ မြို့သာယာလှပရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေး ကြသည်။

(မြို့နယ်စည်ပင်)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

ဂန့်ဂေါ မေ ၂၈

ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ် ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင် ရည် မြင့်မားရေးသင်တန်း အမှတ်စဉ် (၃/၂၀၀၄)ဆင်းပွဲကို မေ၁၈ရက်က ဂန့်ဂေါ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူး အောင်လှနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်စိုးတို့က သင်တန်းဆင်းအမှာ စကား ပြောကြားကြသည်။ **(၂၇၃)**

နတ်တလင်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ မြို့ပြုလမ်း လုပ်ငန်းအဖြစ် ဆောင်ရွက်သော ဇီးကုန်းကလေးအတွင်း ကျောက် ချောလမ်းခင်းခြင်းလုပ်ငန်းကို မေ ၃၀ရက်က အမှုဆောင်အရာရှိ ဦးကျော်မြင့်နှင့် တာဝန်ခံ အင်ဂျင် နီယာ ဦးဉာဏ်စိုးတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်စာကြည့်တိုက် သရက်ခရိုင်တွင်ဖွင့်လှစ်

သရက် ဇွန် ၃

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်အတွင်း နယ်လှည့် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ နှင့် နယ်လှည့် စာကြည့်တိုက်ဖွင့်ပွဲ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၀ရက်မှ ၂၇ရက်ထိ ကိုယ့်အားကိုယ်ကိုး စာ ကြည့်တိုက်များဖွင့်လှစ်ခြင်းကို ကွင်း ဆင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

မေ ၂၁ရက်က မြင်ဘာကျေးရွာ၌ “မြတ်ဆရာ” ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ခရိုင်ဦးစီး အရာရှိ ဦးဝင်းမြိုင်၊ ခရိုင်ဒုရဲတပ်ဖွဲ့မှူး ဦးတင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုး တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြ ပြီး ဦးစီးအရာရှိက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်း ဟောပြောကြ ကြောင်း သိရသည်။**(ခရိုင်ပြန်/ဆက်)**

မြန်မာ့အသံ

၁၅–၆–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ရွှေသမက်ရှေ့ဆောင် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ အအေးခန်းနှင့် ရေခဲစက်ရုံ အကြောင်း)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ညီညွတ်မျှတအတွေးအခေါ်ရသော စာပေသွန်သင်မှု–ညွှန့်ဟံ–ကြူတော)

၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (ရက်စွဲများကပေးသော သတိနှင့်အသိ–ဦးဝမ်ထိန်)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဇာဇာချစ်သော ဇာဒတ်ကြီး)

၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (မသိလို့မဟုတ်ပါ)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဒိုင်လူကြီးများအကြောင်း– ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)

၁၇:၅၀ သောတရှင်အတွက် ပြန်ကြားချက်

၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ)

၁၉:၃၀ ခရီးသွားစကားဝိုင်း (မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း)

၂၀:၃၀ ကလေးများအတွက်တေးသီချင်းများ





မဟာသမယသုတ်တော်ရွတ်ဖတ်ပူဇော်ပွဲ ရွှေတောင်မြို့နယ် ဖိုးသိန်းတန်မဟာသိမ်တော်ကြီး၌ကျင်းပ

ရွှေတောင် ဇွန် ၂

ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဖိုးသိန်းတန် သာသနာ့နယ်မြေတွင် ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် ရွှေတောင်မြို့ဝန်ဦးမှုံ တည်ထားကိုးကွယ်ခဲ့သော ရေးဟောင်းသမိုင်းဝင် မဟာသိမ်တော်ကြီး၌ သတင်းသုံးတော်မူလျက်ရှိသော ဘုရားရှင်ကိုယ်တော်မြတ်နှင့် ပေါ်တော်မူရဟန္တာ ၈၀အား အမှူးထား၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသနှင့် ရွှေတောင်မြို့ ရွှေနတ်တောင်နယ်လှည့်သာသနာပြု မှည့်ရှင် ဆရာတော် ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ဆရာတော်ကြီးများမှ မဟာသမယသုတ်တော်ဖြင့် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို (၁၃၆၆ခုနှစ်၊နယုန် လပြည့်နေ့) ဇွန် ၂ရက် နံနက် ၇နာရီမှ ၉နာရီအထိ မဟာသိမ်တော်ကြီး ပရဝဏ်အတွင်းတွင် ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရွှေတောင်မြို့ ဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာအကျော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ ဧည့်ပရိသတ်များနှင့် အလှူရှင်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက မဟာသမယသုတ် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူသည်။

ယင်းနောက် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြည်နှင့် အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား မီးဖိုချောင်သုံးပစ္စည်းထောက်ပံ့ပွဲကို ဇွန် ၃ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ဝန်ထမ်းတစ်ဦးအား ဆန်၊ဆီ၊ ကြက်သွန်နှင့် ဆားပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

မဟာအံ့ထူးကံသာ ဘုရားကြီးတွင် အသုံးပြုရန် ကွန်ပျူတာပေးအပ်လှူဒါန်းပွဲကျင်းပ

ပြင်ဦးလွင် ဇွန် ၇

ပြင်ဦးလွင်မြို့တွင်တည်ထားကိုးကွယ်သော မဟာအံ့ထူးကံသာ ဘုရားကြီးတွင် အသုံးပြုရန် ကျပ်သုံးသိန်းတန်ဖိုးရှိသော ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲကို မဟာအံ့ထူးကံသာဘုရားကြီး အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက်က ကျင်းပသည်။ အခမ်းအနားသို့ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ဗိုလ်မှူးချုပ်ထွန်းရီ၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ ဒုတိယဗိုလ်မှူးကြီးဘုန်းမြိုင်၊ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဝင်း၊ အဖွဲ့ဝင်ဒုတိယရဲမှူးကြီးဝင်းမြင့်(ငြိမ်း)၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးငွေထွန်း၊ အလှူရှင် ဒေါက်တာကျော်ဇောနှင့် ဇနီး ဒေါ်မေမျိုးမြတ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါက်တာကျော်ဇောက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားပြီး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က ဝမ်းမြောက်ကြောင်း ကျေးဇူးတင်စကားပြောကြားပြီး ဒေါက်တာကျော်ဇောနှင့် ဇနီးဒေါ်မေမျိုးမြတ်တို့က ကွန်ပျူတာများကိုလှူဒါန်းရာ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

ယဉ်ကျေးမှုနှင့်စာရိတ္တပညာ သင်တန်းဆင်း

အင်းတော် ဇွန် ၄

အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက် ဂေါပကအဖွဲ့တို့က အင်းတော်မြို့ အထကတွင် ဖွင့်လှစ်သင်ကြားခဲ့သော (၂၁) ကြိမ်မြောက် ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကိုမေ ၃၀ရက်ကအင်းတော်မြို့ အထက ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့မပရိယတ္တိစာသင်တိုက်မှ ဦးအဂ္ဂဓမ္မက ဩဝါဒကထာ မြွက်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားကာ မြို့နယ်သာသနာရေး ဦးစီးမှူး ဦးကျော်ဌေးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက်သင်တန်းတွင်ဘာသာရပ်အလိုက်ထူးချွန်စွာအောင်မြင်ကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးကြသည်။ **(၁၃၃)**

မြို့နယ်ပြန်ဆက်နှင့် အမျိုးသမီးရေးရာပူးပေါင်း ကိုယ့်အားကိုယ်ကိုးကျေးလက် စာကြည့်တိုက်ဖွင့်

တွံတေး မေ ၂၅

တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ပညာ့ဥယျာဉ်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို မေ ၂၀ရက်က ခရမ်းကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်းခန်းမတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအေးသောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးသန်းဌေးနှင့်ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းညိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ် ဦးစီးမှူး ဦးအေးသောင်းက အမျိုးသားရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းညိမ်းက အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်တားဆီးရေး၊ မြို့နယ်ရုံး စာကြည့်တိုက်/ လက်ထောက် (၃) ဦးမြတ်လှိုင်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ဟောပြောကြသည်။ မြို့နယ်ရုံး ဓာတ်ပုံကျွမ်းကျင် (၂) ဦးသက်ဦးနှင့် အလှူရှင်များက စာအုပ်၊ စာစောင်မျိုးစုံ ပေးအပ်လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာစာကြည့်တိုက်မှူးတို့က လက်ခံရယူပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ ခရမ်းဝကျေးရွာနှင့် ခရမ်းဖျားကျေးရွာများ၌ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖျာပုံခရိုင်လေးမြို့နယ် မိခင်နှင့်ကလေးအသင်းစည်းဝေး

ဖျာပုံ ဇွန် ၉

ဖျာပုံခရိုင် လေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၅ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

ရေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်နှင့်အသင်းနာယက ခရိုင်ဥက္ကဋ္ဌ၏ဇနီးဒေါ်မြမြတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖျာပုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကို စေတနာရှင်များက အလှူငွေများ ပေးအပ်ရာ အသင်းနာယကက လက်ခံပြီး ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ လုပ်ရှားမှု ထူးချွန်သည့်ဆုများ ချီးမြှင့်ဂုဏ်ပြုသည်။

ထို့နောက် ဖျာပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းမြင့်က အမှာစကားပြောကြားပြီး နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေး၊ ရွေးချယ်တင်မြှောက်ခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်၍ အသင်းနာယက ဒေါ်မြမြကနိဂုံးချုပ် အမှာစကား ပြောကြားကာ အသင်းဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ် ချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)

မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အရာတော်မြို့နယ်၌ကျင်းပ

အရာတော် ဇွန် ၇

မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ငွေကျပ်၉၅သိန်း အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ကျောင်းဆောင်သစ်ကို မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင် ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ဘဒ္ဒန္တဝိမလ၊ မြို့နယ်ပညာရေးမှူး ဦးကိုကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သောစာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွန်းက မြို့နယ် ပညာရေးမှူး ဦးကိုကိုထံပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်မြင့်က ဖွင့်ပွဲအထိမ်းအမှတ်အလံကို မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာဥက္ကဋ္ဌတို့သို့ ပေးအပ်ကြကြောင်းသတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

မိုးရာသီအထူးအစီအစဉ်

သင်အသုံးပြုရမည့်တန်ဖိုးငွေထက်များစွာပိုမိုပြီး အခွင့်အရေးကောင်းများရရှိလိုပါက

EARN SPARK MYANMAR CO.,LTD မှနိုင်ငံတကာအဆင့်မီတည်ဆောက်ထားသော ဥညာဒလာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ

အရည်အသွေးမြင့်မားသည့် "GRAND DIAMOND RESIDENCES" ၏ ကျွမ်းကျင်အရောင်းခန်းမသို့ ကြွရောက်ခဲ့ပါ။

(၁၅ . ၆ . ၂၀၀၄ မှ ၃၀ . ၆ . ၂၀၀၄ ထိ)အထူးနှုန်းအဖြစ် (၂)ထပ်လုံးချင်းတိုက်များနှင့် အဆင့်မြင့်တိုက်ခန်းကျယ်များကို

၅%မှ ၃၀% အထိလျှော့၍ ရောင်းချပေးပါမည်။

ပိုင်ဆိုင်မှု	- တိုက်ပိုင်/ထန်းပိုင်စနစ်ဖြစ်ပါသည်။
တည်နေရာ	- ရန်ကုန်မြို့၏အချက်အချာကျသော (ဥညာဒလာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်) နေရာတွင်တည်ရှိပါသည်။
အရည်အသွေး	- ထူးခြားဆန်းသစ်သော ဗိသုကာဒီဇိုင်းနှင့်သေသပ်လှပနှုန်းညီသော အဆောက်အအုံဖြစ်သည်။
	- ရောင်းချမည့် (၂)ထပ်လုံးချင်းတိုက်နှင့်တိုက်ခန်းအားလုံးမှာ Room Type စနစ် ဖြစ်ပြီး လူနေထိုင်ရန်အတွက် ၉၅%ပြီးစီးပြီဖြစ်ပါသည်။ ကိုယ်ပိုင်-မီတာ/ ရေတက်အပါအဝင်ဖြစ်ပါသည်။
	- အရစ်ကျငွေပေးချေသည့်စနစ်လည်း စီစဉ်ဆောင်ရွက်ပေးထားပါသည်။
	- ပြည်တွင်းအစွန်းသို့ပေးသွင်းရန် ရောင်းချသူက စီစဉ်ဆောင်ရွက်ပေးပါမည်။

လုံးချင်းတိုက်များမှာ -

မြေဧရိယာ - 2450 Sq-ft မှ 3450Sq-ft

(၂)ထပ်လုံးချင်းတိုက်ဧရိယာ - 2600 Sq-ft

အခန်းဖွဲ့စည်းပုံ - ဘုရားခန်း (၁)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ အိပ်ခန်း (၄)ခန်း၊ မီးဖိုခန်း(၁)ခန်း၊ ကားဂိုဒေါင်(၁)ခု။

တိုက်ခန်းကျယ်များမှာ -

တိုက်ခန်းဧရိယာ - 1450 Sq-ft မှ 3100 Sq-ft

အခန်းဖွဲ့စည်းပုံ - ဘုရားခန်း(၁)ခန်း၊ ဧည့်ခန်း(၁)ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ အိပ်ခန်း(၂)ခန်းမှ(၆)ခန်းထိ။

အရောင်းခန်း ☎ ဥညာဒလာလမ်းနှင့်ကျိုက္ကဆံလမ်းထောင့်ရှိ GRAND DIAMOND RESIDENCES ၏ အရောင်းခန်းမ။

☎ 722458,505800,244559 ,09-80-31768

မွေးနေ့မင်္ဂလာဆုမွန်လွှာ

မေမေ **ဒေါ်မာမာထွန်း**

(Executive Director, MGS Group of Companies)၏

၁၅-၆-၂၀၀၄ ရက်နေ့တွင်

ကျရောက်သော မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်

လုပ်ငန်းဆောင်တာအဝဝ အောင်မြင်ပါစေကြောင်းနှင့်

မိသားစုနှင့်ကျန်းကျန်းမာမာ ပျော်ပျော် ရွှင်ရွှင်ရှိပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ - ဦးအောင်မိုးကျော်
မန်နေဂျင်းဒါရိုက်တာ
IBT Co.,Ltd.

သမီး - ပွင့်

သားသား - ကျော်ဇေယျ

တိုက်ခန်းရောင်းမည်

တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊
1360 sqft, 6F, 2MBR, 2BR, 2A/C,
နံရံကပ်ဗီရို(၇)လုံး ပါကေးအပြည့်၊
gypsum celling အပြည့်၊
ရေချိုးခန်း၊မီးဖိုချောင် ကြွေပြားစင်းကပ်
Ph°:°098020250

လူပျောက်

မမူဒု အသက်ရှစ်နှစ်၊ ပအိုဝ်း တိုင်းရင်းသား အသားနီ ညာဘက်မျက်ရည်ခံ မှဲ့ရှိ၊ တွေ့ရှိက ပြန်လည်ပေးပို့ပါ ကျေးဇူးဆပ်ပါမည်။

ဦးဇယံသ (ဖုန်း-၅၄၂၅၀၂)

ကျေးဇူးဆပ်ပါမည် ကျွန်မ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၁/သတန(နိုင်) ၀၀၀၃၉၆ ဝန်ထမ်းကတ်နှင့် အခြားအရေးကြီးသော စာရွက်စာတမ်းများပါသော ပိုက်ဆံအိတ်တစ်လုံး ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **ဒေါ်မေသက်နွယ် (ဖုန်း-၅၇၇၈၈၉၊ ၅၇၃၁၀၆၊၅၇၃၁၀၉)**

မြဝတီဘဏ်လီမိတက်၊ ရန်ကုန်မြို့
အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြဝတီဘဏ်လီမိတက် (ရုံးချုပ်)တွင် အငယ်တန်းစာရေး/ လက်ထောက်ငွေကိုင်ရာထူး များခန့်ထားရန် အလိုရှိသည်။

၂။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) B.Com/ B.E con (Stats)/ B.Econ (Eco)/ B.A (Eco)/ LL.B/ B.A (English)/ B.Sc (Maths)/ B.A (Business Management Business Science, Home Economic)၊ B.Act .
- (ဂ) အခြေခံပညာအထက်တန်းအောင်ဖြစ်ပါက LCCI (Level (III) အောင်မြင်ရမည်။
- (ဃ) ကွန်ပျူတာ အခြေခံရှိပြီး စာစီစာရိုက်ကျွမ်းကျင်သူ ဦးစားပေးမည်။
- (င) လျှောက်ထားသူသည် အမျိုးသားဖြစ်ပါက ဘဏ်၏ သတ်မှတ်အရည်အချင်းများလျှော့ပေါ့၍ အနည်းဆုံးအခြေခံပညာ အထက်တန်းအောင်ဖြစ်ရမည်။

၃။ **သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည်-**
- (က) ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ) ဖြေဆိုရမည်။
- (ခ) လူတွေ့စစ်ဆေးဖြေဆိုရမည်။
- (ဂ) ကျန်းမာရေးစစ်ဆေးမှုအောင်မြင်ရမည်။

၄။ ရွေးချယ်ခြင်းခံရသူသည် ဘဏ်တွင် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်ရေးထိုးနိုင်ရမည်။ ခံစားခွင့်အနေဖြင့် လစာနှင့် ထောက်ပံ့ကြေးအပြင် နှစ်စဉ် သတ်မှတ်ဆုကြေး ခံစားခွင့်ရှိမည်။

၅။ ဘဏ်လုပ်ငန်းဆိုင်ရာ စာတွေ့လက်တွေ့သင်တန်း တက်ရောက်ရမည်။ သင်တန်းကာလမှစ၍ လစာ၊ ထောက်ပံ့ကြေး၊ စားစရိတ်အပြင် အမြဲတမ်းဝန်ထမ်းတစ်ဦးကဲ့သို့ အခြားခံစားခွင့်ရှိမည်။ ပြည်တွင်းပြည်ပ သင်တန်းများသို့ တက်ရောက်ရန် အခွင့်အလမ်းရှိမည်။

၆။ လျှောက်ထားသူများသည် မိမိလက်ရေးဖြင့် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားပူးတွဲတင်ပြရမည်။
- (က) လိုင်စင်ဓာတ်ပုံ နှစ်ပုံ
- (ခ) ကိုယ်ရေးအချက်အလက်အကျဉ်း (C.V)
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း၊ မိမိနေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်းထောက်ခံချက် မူရင်း
- (စ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူနှင့် အခြားအထောက်အထားမိတ္တူ
- (ဆ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

၇။ လျှောက်ထားသူသည် အထွေထွေ မန်နေဂျာ၊ မြဝတီဘဏ်လီမိတက်၊ အမှတ် (၂၄/၂၆) ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ (၂-၇-၂၀၀၄)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၀ ပြည့်နှစ် တရားမဇာရီမှု အမှတ် ၄၆

ဒေါ်သန်းသန်းမြ	နှင့်	၁။ ဦးခင်မောင်အေး
		၂။ ဒေါ်ခင်ချို
တရားနိုင်		**တရားရှုံး**

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၈၈/၂၀၀၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါကတရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စဘော်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါ နေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်-၁၆၁၊ ဧရိယာ(ပေ ၄၀ X ပေ ၆၀)ရှိ ဦးခင်မောင်အေး အမည်ပေါက်နှစ်(၆၀) မြေငှားဂရန် မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၆၁ ပင်းယလမ်း၊ ၁၆ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေးမှာ ကျပ် ၃၅၀၀၀၀၀ (ကျပ်သုံးဆယ့်ငါးသိန်းတိတိ) ဖြစ်ပါသည်။

ကြူကြူ (ဒုတိယခရိုင်တရားသူကြီး-၇)၊
အရှေ့ပိုင်းခရိုင်တရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၀

ဦးဝင်းအောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ဝင်း)	**နှင့်**	၁။ ဦးတင်ဦး ၂။ ဒေါ်လှလှထွေး အမှတ်-၂၆၊လုပ်သားလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။ (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

အထက်ပါအမှုမှ ၁- တရားပြိုင်ဦးတင်ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဥပစာအား လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇွန်လ ၂၁ ရက် (၁၃၆၆ ခုနှစ် ဝါဆိုလဆန်း၅ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၁၈၀၃မော်တော်ယာဉ်လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ရုံး(လားရှိုး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(လားရှိုး)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ညီညီဝင်း ၁၂/တမန(နိုင်)၀၀၀၃၉၄ သည် မိဘဆုံးမခြင်းကို နာခံမှုမရှိဘဲ မိမိသဘော ဆန္ဒအရ ပြုလုပ်သွားသည့်အတွက် ၁-၆-၂၀၀၄ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဦးသိန်းဝင်း CI-၀၄၂၉၀၃
ဒေါ်သန်းနွဲ့ ၁၂/တမန(နိုင်)၀၄၁၅၆၄

ကျေးဇူးတင်ရှိခြင်း

ဟာဂျီဦးအေးမောင်(မြိတ်)ဆေးရုံတက်ရောက်နေစဉ်အတွင်း မြိတ်မြို့ ရွှေသရဖူ အထူးကု ဆေးခန်းနှင့် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးခန်းမှ အထူးဂရုစိုက် ကုသပေးသော သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်မြို့နှင့် မြိတ်မြို့မှ ဈာပနကိစ္စ အဝဝအတွက် ကူညီဆောင်ရွက်ပေးသူများအားလည်းကောင်း သတင်းမေးကြသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

တိုက်ခန်းဦးရာလူအမြန်ရောင်းမည်

မြောက်ဥက္ကလာ သုဝဏ္ဏလမ်းကြီး မဟာနွယ်အပေါ်ထပ်သုံးလွှာ အဆင့်မြင့်ပြင်ဆင်ပြီး ၁၈½ ပေ x ပေ ၅၀ တိုက်ခန်း ဦးရာလူ အမြန်ရောင်းမည်။ ရေမီးအလွန်ကောင်းသည်။

ဖုန်း-၆၆၄၅၁၇၊ ၆၉၀၀၁၂၊ ၅၅၅၉၈၅

လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ
နှစ်ဦးနှစ်ဖက်ရဲ့ မျက်နှာသာ၊ ရေရာဖို့ သေချာဖို့

သု(သဒ္ဓမ္မရံသီ) ၏

လုံးစုံပြည့်ဝ ချမ်းသာရအောင်

(လိုက်နာရမည့် ဗုဒ္ဓစကားတော်များ) *(ဒုတိယအကြိမ်)*

အောင်ခန့်(စန္ဒရားဆရာ) ဒါးပိန်မြို့ ရေးသားသော

အသံတိတ်ခေတ်၊ စစ်ကြိုခေတ်

စန္ဒရားဆရာကြီးဦးအုန်းသာ၏အတ္ထုပ္ပတ္တိ

နေမျိုး ၏

ရုပ်ရှင်

ထွက်ပြီ

ဖြန့်ချိရေး - မျိုးဆက်သစ်စာပေ

အမှတ်-၂၁၂၊ (၂/ခ) ၃၆ လမ်း(အထက်)၊ ဖုန်း-၂၄၉၉၄၁။

ရဟန်းဒါယိကာမကြီး
ဒေါ်ထွေး
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၅၆၉ နေ(ဦးစံဦး-ဒေါ်သဲမိ)တို့၏သမီး၊ (ဦးချစ်တီး)၏ဇနီး၊ ဦးမြင့်ဆွေ (စာတည်းမှူး၊ ကြေးမုံသတင်းစာ)-ဒေါ်နီနီစံ(အကြီးတန်းသတင်းထောက်၊ မြန်မာ့အလင်းသတင်းစာတိုက်)၊ ဒေါ်သန်းနွဲ့၊ ဦးလှိုင်ဘွား [(FJVCC)၊ အင်/ယာဌာန]-ဒေါ်တင်နွယ်(ဒုဦးစီးမှူး၊ပဲခူးမြို့နယ်၊ဦးစီးဌာန)၊ ဒေါ်မြင့်ကြည်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇေယျာမင်း၊ မောင်ရန်ပိုင်သော်၊ မောင်ဇာနည်ဦးတို့၏အဘွား ဒေါ်ထွေးသည် ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှ (စစ်တွေ)
တကက(ငြိမ်း)၊တပ်မတော်-လေ
အသက်(၆၂)နှစ်

(ဦးစံထွန်းဖြူ-ဒေါ်သိန်းတန်ဦး)တို့၏သား၊ (ဦးဘိုးလှ-ဒေါ်ယဉ်သာဖြူ)တို့၏သားသမက်၊ ဒေါ်အစိန်၊ (ဦးဖြူမောင်-ဒေါ်မသာစိန်)၊ ဦးဘသိန်း၊ ဦးသိန်းမြ၊ ဒေါ်မချစ်စိန်၊ (ဦးကျော်ထွန်းဦး-ဒေါ်သန်းကြူ)၊ ဦးဖိုးလှ-(ဒေါ်လီ)၊ ဒေါ်ညွန့်ရှင်တို့၏ညီ/မောင်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ် ခ/၇၃၊ ကံ့ကော်လမ်းသွယ်(၅)၊ ဘုရင့်နောင်ပွဲရုံနေ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဦးမောင်ထွန်းကျော်-ဒေါ်ပုလဲစိန်၊ ဦးစိုးထွန်း-ဒေါ်အေးဝင်းခိုင်(ကြယ်စုံပွဲရုံ)၊ ဒေါ်ဖြူမေ၊ ဒေါ်သိန်းရွှေတို့၏ယောက်ဖ၊ ဦးလှမြင့်-ဒေါ်ဦးသိန်းမြ(ရခိုင်သားကြီးစာပေ)၊ ဦးပေါ်ထွန်းအောင်၊ ဦးအောင်ကျော်ထွန်း-ဒေါ်မြသန္တာ၊ ဒေါ်သန္တာအေး၊ (မောင်ကောင်းမြတ်သူ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းညွန့်
အသက်(၇၉)နှစ်

ထားဝယ်မြို့၊ ပေါက်တိုင်းရွာနေ (ဦးဘကျင်-ဒေါ်သင်းမြိုင်)တို့၏သား၊ ထားဝယ်မြို့၊ ရှမ်းမလည်ဆွဲရပ်နေ (ဦးမြို့ချီး-ဒေါ်လှိုင်)တို့၏သားသမက်၊ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်သန့်(ငြိမ်း)-ဒေါ်ခင်ချိုလွင်၊ ဦးမြင့်သိန်း(လ/ထညွှန်မှူး၊ လယ်/ဆည်)-ဒေါ်နီလာအောင်၊ ဒုတိယဗိုလ်မှူးကြီးစန်းဝင်း(တပ်မတော်စိုက်ပျိုးရေးကျောင်းအုပ်ကြီး)-ဒေါ်သန်းသန်းမေတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် ၁၃၁ နေ ဦးသန်းညွန့်သည် ပွင့်ဖြူမြို့နေ ဒုတိယဗိုလ်မှူးကြီးစန်းဝင်း၏နေအိမ်၌ ၁၄-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပွင့်ဖြူမြို့သုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူသားသမီးများ။

ဗိုလ်ကြီးကိုကိုကြီး (ငြိမ်း) (ဝါဒီ)
(မော်ကျွန်း)
အသက်(၈၆)နှစ်

မော်ကျွန်းမြို့နေ(ဦးပေါ်လာ-ဒေါ်ရွှေခင်)တို့၏သား၊မြောက်ဥက္ကလာပမြို့နယ်၊(၈)ရပ်ကွက်၊ဥဒ္ဒနာ ၄ လမ်း၊ အမှတ် ၃၀၃ နေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်နေ ဦးဇော်ဝင်းမြင့်(မြို့နယ်သတင်းထောက်)၊ ဇော်ဝင်းမြင့်(ဗီဒီယိုဓာတ်ပုံ)-ဒေါ်ခင်အေးမြင့်(ခ)မဖြူ၊ ဦးဝေလင်း-ဒေါ်ဝေဝေ(မော်ကျွန်းမြို့နယ်၊ သ/မ)၊ ဦးမောင်မောင်ခင်(ဝါဒီ)-ဒေါ်သန်းသန်းထွေး(ဝါဒီ)၊ မောင်ကိုကို-မမြင့်မြင့်အေး(ကျောက်တန်း)၊မောင်တင်ဦး(ဝါဒီ)-မစမ်းစမ်းမြင့်(MTEI)၊ မောင်မောင်လွင်တို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ် လေးယောက်တို့၏ အဘိုးသည် ၁၃-၆-၂၀၀၄ရက် ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှိုင်(ခ)ဦးပါ (မိတ္ထီလာ)
အသက်(၈၂)နှစ်

မိတ္ထီလာမြို့၊ဆိုင်းတန်းရပ်နေ(ဦးသက်ထွန်း-ဒေါ်ထွန်းရင်)တို့၏ သားကြီး၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်စန်းမြင့်၊(ဦးတင်ထွန်းလှိုင်)၊ ဦးဆန်နီလှိုင်-ဒေါ်နုနုရီ၊ ဦးခင်ဇော် - ဒေါ်သင်းသင်းလှိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မလှိုင်မြို့ ရေချိုဘူတာကျေးရွာသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးမြသွင် (ဒေးဒရဲမြို့)
(အငြိမ်းစားကျောင်းဆရာကြီး)
အထက(၁)၊လမ်းမတော်
(ယခင် စိန့်ဂျွန်းကျောင်း)
အထက(၁)တောင်ဥက္ကလာပမြို့
အသက်(၈၇)နှစ်

ဦးခေမာစာရ (ဓမ္မာစရိယ၊ ဘီအေ) မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်း၏ ရဟန်းဒါယကာ၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၃၃ နေ (ဦးဘိုးထူး-ဒေါ်စိန်)တို့၏သား၊ (ဒေါ်ခင်မြို့)၏ခင်ပွန်း၊ ဦးတင်လတ်ထွန်း-ဒေါ်အေးအေးသွင် (ဘရဲ)၊ ဦးမျိုးသွင်-ဒေါ်ခင်လှလှ၊ ဦးကျော်စိုးသွင်၊ ဒေါ် ပြုံးပြုံးသွင်(ရေနံ့ချောင်း)၊ ဦးအောင်မိုးသွင်-ဒေါ်ဟီတိုမီ၊ ဒေါ်ချိုချိုသွင်(ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်)၊ မစုစန္ဒာသွင်တို့၏ဖခင်၊ မခင်မေမွန်(မအူပင် G.T.C)၊ မအေးမြသီရိ (IIC, Y.T.T.C)၊ မောင်ရဲလင်းခန့်တို့၏ အဘိုးသည် ၁၃-၆-၂၀၀၄ရက် နံနက် ၃း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပြီးဖြစ်ပါ၍ ၁၅-၆-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သွယ်(ခ) ဂီတစာဆိုမောင်ကြေးမုံ
(မင်းလှ)
အသက်(၆၃)နှစ်

မင်းလှမြို့နေ(ဦးသွယ်-ဒေါ်ကျောက်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၂၂၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ ဒေါ်ထားသဉ္ဇာ၏ခင်ပွန်း၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏မောင်/ညီ/အစ်ကို၊ ဦးဇေယျ၊ ဒေါ်သီတာ (အလက၊ မငေးစုရွာ)၊ ကိုသီဟသွယ်-မခက်ခက်မာငြိမ်း၊ကိုခန့်ချော (နိုင်ငံတကာ စီးပွားရေးဂျာနယ်)၊ (မောင်ကျော်ဇေယျ)တို့၏ဖခင်၊ မောင်ကောင်းမွန်အောင် (အထက-၂၊ ဒဂုံ)၊ မောင်ညီဇေမင်း(အထက-၁၊ကမာရွတ်)၊ မောင်နေမျိုးသီဟ(မူကြို-၃)တို့၏ အဘိုးသည် ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့)တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မူ
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါ ၁ လမ်း၊ အမှတ် ၆/က နေ (ဦးဖိုးကျံ-ဒေါ်အေးဘုံ)တို့၏သမီး၊ ဦးတင်ဖေ၏ဇနီး၊ ဒေါ်ခင်သန်းဦး(မန်နေဂျာ၊ဇောတိကသက်န်းချုပ်စက်ရုံ)၊ ဒေါ်စန်းစန်းဦး(စာရင်းစစ်)၊ ဒေါ်သန်းသန်းချို (ဒုတိယဦးစီးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ဝန်ကြီးများရုံး)တို့၏မိခင်သည် ၁၃-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်
အမှတ် ၆၅၄/၆၆၆၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ နဝမအကြိမ် အထွေထွေအစည်းအဝေးကြီးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

(က) နေ့ရက် - ၉-၇-၂၀၀၄
(ခ) အချိန် - ၁၃း၀၀ နာရီ
(ဂ) နေရာ - ယုဇနဟိုတယ်(Ball Room)ခန်းမ၊ ရန်ကုန်မြို့

ယင်းအစည်းအဝေး၏ အစီအစဉ်၊ အစီရင်ခံစာများကို အစုရှယ်ယာများထံ ကြိုတင် ဝေငှပေးပို့ထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။ ယင်းအစည်းအဝေးအတွက် အစုရှယ်ယာရှင်များထံသို့ ဖိတ်စာအချိန်မီမရောက်ရှိပါက ဤကြော်ငြာကိုအကြောင်းပြု၍ အစည်းအဝေးသို့ တက်ရောက်ပါရန် ကြေညာအပ်ပါသည်။

အစုရှယ်ယာများ လွှဲပြောင်းမှတ်တမ်းကို အထွေထွေအစည်းအဝေးကြီး ပြီးစီးသည်အထိ ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
Managing Director
Myanma Livestock and Fisheries Development Bank Limited.

ကျူပို့ရန်
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ (၂)ရပ်ကွက်၊ ၁၇ လမ်း၊ အမှတ် ၁၀၀ (လေးထပ်)နေ (ဦးစွန်ဘွန်ရီ)၏ဇနီး၊ ဦးစွန်ချိန်ခွန်း(ခ)ဦးပု-(ဒေါ်ကျင်အေး)၊ ဦးစွန်ချိန်ရှု-(ဒေါ်လင်အိုင်း)၊ [ဦးစွန်ချိန်အိန်း(ခ)ဦးစိန်ဌေး]-တန်အိုက်လျန်တို့၏မိခင်၊ မြေး ၂၆ ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘွားသည် ၁၄-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော်သိန်း(ခ) ဦးမောင်မောင်လှ (စစ်တွေ)
အသက်(၆၂)နှစ်

ဦးလှမြင့်-ဒေါ်ဦးသိန်းမြ (ရခိုင်သားကြီးစာပေ)၏ဖခင် ဦးအောင်ကျော်သိန်း(ခ)ဦးမောင်မောင်လှသည် ၁၃-၆-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြား သိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်းနှင့် စာ/ယဉ် အဖွဲ့ဝင်များအားလုံး ၁၆-၆-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ရန်ကုန်။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်သန်း(ခ)ဒေါ်စဘူရာဘီ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်အောင်လမ်း၊ အမှတ် ၁၇ နေ (ဦးနိုင်နာမိုဟာမက်)၏ဇနီး၊(ဦးအေးမောင်)၊ဦးလှသိန်း(ရေကျော်ဈေး)နှင့် သားသမီး ၁၀ ယောက်တို့၏မိခင်၊ မြေး ၂၉ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၀၄ရက် (စနေနေ့)နံနက် ၉း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးမွတ်ဆလင်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသီဟစိုး
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မီးဒုံးလမ်းသွယ် ၆ လမ်း၊ တိုက် ၁၂၃၊ အခန်း ၁ နေ (ဦးသန်းအောင်-ဒေါ်လောကြည်)တို့၏သားကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြင်းတိုက်မြို့နေ (ဦးမြ-ဒေါ်အေးချို)တို့၏သားသမက်၊ ဒေါ်ထွေးကြည်၏ခင်ပွန်း၊ မောင်ချမ်းမင်းသီဟ-မနွယ်နီဝင်း၊ မနှင်းမင်းသီဟ-မောင်ဘုန်းမြင့်၊ မသိမ့်မင်းသီဟတို့၏ဖခင်၊ ဒေါ်ခင်ဝင်းရီ၏မောင်၊ ဒေါ်လီလီစိုး-ဦးမြင့်အောင်၊ (ဦးသီဟမိုး)-မမာမာအောင်၊ (ဒေါ်ကြည်ကြည်မိုး)-ဦးတင်မိုး၊ ဒေါ်စီစီတိုး-ဦးစိန်ရွှေ၊ မမြတ်မြဦးအောင်၊ မောင်ကျော်စွာသူရအောင်တို့၏ အစ်ကိုကြီး၊ တူ တူမ ခုနစ်ယောက်တို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၀၄ရက် ၁၀း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှဝင်း(ခ) ဒေါ်အမာ
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိပ်ကန်လမ်း၊ အမှတ် ၆၈နေ (ဦးဘထွန်း-ဒေါ်ငွေရင်)တို့၏ သမီး၊ ဦးလှရွှေ (တပ်မတော်အရာရှိ၊ ငြိမ်း၊ ကကဆက်)၏ဇနီး၊ ဦးဇော်ဝင်း (C/E HUB Shipping Co.)-ဒေါ်မြင့်မြင့်သန်း(စက်မှုစားကုန်၊ငြိမ်း)၊ ဦးအောင်ခိုင်၊ ဒေါ်စန်းစန်းဝင်း(လ/ထ မန်နေဂျာ၊ အာမခံ)၊ ဗိုလ်မှူးသိန်းဝင်း(ကျိုင်းတုံ)-ဒေါ်မြင့်မြင့် (MPPE)၊ ဦးမျိုးဝင်း(နယ်စပ်/စည်ပင်) - ဒေါ်လဲ့လဲ့ဝင်း(အာမခံ)၊ ဦးကျော်ကျော်ဝင်း(R/O)-ဒေါ်ချိုချို(MPPE)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၃-၆-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်သွယ်(ခ) ဂီတစာဆိုမောင်ကြေးမုံ
(မင်းလှ)
အသက်(၆၃)နှစ်

မင်းလှမြို့နေ(ဦးသွယ်-ဒေါ်ကျောက်)တို့၏သား၊ ဦးကြည်လွင်၊ ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းသွယ်၊ (ဦးစိုးလွင်)တို့၏မောင်/ညီ/အစ်ကို၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးဇေယျ၊ ဒေါ်သီတာ(အလက၊ မငေးစုရွာ)၊ ကိုသီဟသွယ်-မခက်ခက်မာငြိမ်း၊ ကိုခန့်ချော၊ (မောင်ကျော်ဇေယျ)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့)တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၆-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ဦးသိန်းမြင့်
B.A (History)
(Dip in Ression)
အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၅၃၊ ကျွန်းတောလမ်းနေ အဆွေတော်ဓာတ်ပုံတိုက်(ဦးစိန်ဖေ-ဒေါ်သန်းမြ)တို့၏တူ၊ (ဦးကိုကိုကြီး-ဒေါ်သန်းစိန်)တို့၏သားကြီး၊ (ဒေါ်ခင်ခင်အေး၊ အထက-၂၊ စမ်းချောင်း)၏ ခင်ပွန်း၊ မောင်ထွန်းကျော်သူမြင့်-မပြည့်ငြိမ်းရှင်တို့၏ဖခင်၊ (ဒေါ်လှလှ)-ဦးတင်ဦး၊ ဒေါ်ခင်အေးငြိမ်း-ဦးစိုးဌေး၊ ဒေါ်မြင့်မြင့်စန်း-ဦးမျိုးမြင့်၊ ဦးရဲမြင့်(သစ်လုပ်ငန်း)-ဒေါ်ခင်မေ၊ ဦးမြင့်ဆွေ(ဦးပဏ္ဍိတ)၊ ဦးအောင်ထူး(သဘော်ကျင်း)-ဒေါ်တင်မြင့်၊ ဒေါ်ခင်ခင်ဖြူ၊ (ဦးမြတ်သူ)တို့၏အစ်ကိုကြီးသည် ၁၄-၆-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံ အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးသန့်
အသက်(၈၇)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် ၁၆၈ နေ(ဦးပါ)၏ဇနီး၊ ဒါးပိန်မြို့နေ ဦးတင်ဝင်း-(ဒေါ်ခင်ပု)တို့၏အစ်မ၊(ဦးကြည်ထွန်း)-ဒေါ်ရီရီ၊(ဦးသိန်းအောင်)-ဒေါ်မြမြကြည်(ဗဟိုစာရင်းရုံး)၊ ဦးကြည်သိန်း (ကကငွေ)-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းလှိုင်၊ (ဦးဝင်းကြည်)-ဒေါ်အေးအေး၊ ဦးဝင်းဌေး(ခ)ဦးလှမြင့်-ဒေါ်စန်းမြင့်ထွေးတို့၏မိခင်၊ ကိုကျော်စွာမိုး-မဇင်မင်းသက်၊ ကိုတင်ဦး-မအေးစန္ဒာထွန်း၊ ကိုထွန်းလင်းအောင်-မနီနီလွင်၊ မချိုမင်းသက်၊ မောင်အောင်မျိုးထွန်း၊ မောင်ကျော်လင်းထက်၊ မောင်တေဇာလင်းထက်၊ မောင်မြတ်သူထွန်း-မခင်သန်းနွဲ့၊ မောင်ဇော်မျိုးထက်၊ မနေခြည်လင်းထက်၊ မအိန္ဒနန္ဒာစိုး၊ မောင်မာဃဖြိုး၊ မခင်သူသူဝင်းတို့၏အဘွားသည် ၁၃-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးရွှေသိန်း(ပ/၁၆၈၇)ပုသိမ်
ဒု-ညွှန်မှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၇၂)နှစ်

ပုသိမ်မြို့နေ (ဦးမောင်တာ-ဒေါ်ရင်စိန်)တို့၏သားထွေး၊ကြံခင်းမြို့နေ [ဦးဘချင်း (ထွေ/အုပ်)-ဒေါ်တင်တင်]တို့၏သားသမက်၊ ပုသိမ်မြို့နေ(ဒေါ်မြခင်)၊ ဒေါ်သိန်းအောင်၊ ဒေါ်မြစိန်တို့၏မောင်၊ ရန်ကုန်မြို့နေ ဦးအောင်သန်း(တိုင်း/ဂျာ၊ လယ်စိုက်ရှင်း၊ငြိမ်း)၏ညီ/မောင်၊ကြံခင်းမြို့နေ ဦးစိုးမြင့်(မားသားထရေးဒင်း)၏အစ်ကို၊ တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ အမှတ် ၁၀၂၊ ဂါမဏိလမ်းနေ ဒေါ်အမာရီ၏ခင်ပွန်း၊ ဒေါ်ရွှေရွှေမြင့် (အထက-၂)၊ ဒေါ်မြင့်မြင့်အေး (အထက-၁)၊ ဒေါ်အေးအေးမော်(ထွေ/အုပ်)၊ ဦးဝင်းကြိုင်(ထွေ/အုပ်၊ အုပ်တွင်း)၊ ဦးသက်နောင်ဦး(သိန်းသောင်းသစ်စက်၊ ဆန်စက်၊ သစ်လွင်ဩဇာရိပ်သာ၊ ကြံခင်း)၊ ဦးယဉ်ထွေး(ဒုဦးစီး၊ထွေ/အုပ်၊ လေးမျက်နှာ)တို့၏ဖခင်၊မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၃-၆-၂၀၀၄ရက်တွင် တောင်ငူမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်တင်မမ (စစ်ကိုင်း)
စစ်ကိုင်းမြို့ အထက(၂)
အလပြဆရာမကြီး(အငြိမ်းစား)
အသက်(၇၂)နှစ်

စစ်ကိုင်းတိုင်း၊ နန္ဒဝန်ရပ်ကွက်နေ (ဦးဘိုးအို-ဒေါ်ခင်ကြွယ်)တို့၏ သမီး၊ ဦးမောင်မောင် - ဒေါ်မိမိ-ဒေါ်စိန်စိန်၊ (ဦးခင်မောင်လေး-ဒေါ်ခင်မေ)၊ (နုပိုလုံဌေးခင်)၊ ဦးခင်မောင်အေး-(ဒေါ်ခင်မြသွင်)၊ ပုသိမ်မြို့နေ ဒေါ်မေမေတင်-(ဦးချစ်ဆောင်၊ တရားရုံးချုပ်)တို့၏ ညီမသည် ပုသိမ်မြို့၌ ၇-၆-၂၀၀၄ရက် (တနင်္လာနေ့)ည ၈း၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉-၆-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပုသိမ်မြို့ ဘိုကနောင်ရပ် ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်း (ဝါးခယ်မ)
အသက်(၅၇)နှစ်

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့၊ ထော်ကန္တတ်(အရှေ့)ကျေးရွာနေ (ဦးမောင်သွင်-ဒေါ်ထွေးတင်)တို့၏သမီး၊ (ဦးဘရွှေ-ဒေါ်အေးမျှင်)တို့၏ သမီးချွေးမ၊ (ဦးဝင်းကြည်) - ဒေါ်သန်းထားတို့၏ အစ်မ၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊(၈)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၈၄၉/က နေ ဦးဝင်းမောင်(Fortung Navigation Co. Marine Shipping)၏ဇနီး၊ ဦးအေးသိုက်မြင့်-ဒေါ်နွယ်နီဝင်း(B.A၊ မြန်မာ)၊ ဒေါ်သီတာဝင်း(G.T.I၊ F.C)၊ ဒုတပ်ကြပ်အောင်မိုးဝင်း(တပ်မတော်-ရေ)-ဒေါ်ခင်မျိုးကြွယ်၊ ဦးလွင်နိုင်ဦး (တပ်မတော်-ရေ) - ဒေါ်ပပဝင်းတို့၏ မိခင်၊ မောင်ရှိုင်းရန်အောင် (VII-B၊ အထက-၂၊ ဒဂုံအရှေ့)၊ မဆောင်းဝတ်ရည်တိုး၊ မောင်ကောင်းခန့်ကျော်တို့၏ အဘွားသည် ၁၂-၆-၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ခိုင်သိန်း
B.A (History), R.L
T.T.C ကျောင်းသားဟောင်း
(ယခင် အမှတ်-၂၊
ဒေသကောလိပ်ကျောင်းသားဟောင်း)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ တေဇစက္ကူကမ္ဘာ္ဘန်းကျောင်းတိုက်နေ ဦးပညာဇောတ(ခ)ဦးဘမြင့်(လွတ်လပ်ရေးမော်ကွန်းဝင်၊ ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့၊ ဒုတိယဆင့်)-(ဒေါ်အေးမြင့်သန်း)တို့၏ သား၊ ဒုအရာခံဗိုလ်စိုးမြင့်သိန်း-ဒေါ်လဲ့လဲ့မြင့်၊ ဦးကြည်သိန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးထူးအေးလွင်-ဒေါ်ဆွေဆွေဝင်းတို့၏ညီ/မောင်၊ ဦးလှထွန်း-ဒေါ်နီလာလွင်၊ ဦးအောင်မော်ဟိန်း၊ဦးအောင်နိုင်ဦး (ထန်းတပင် ရဲစခန်း)-ဒေါ်သီတာအေး၊ တပ်ကြပ်ကြီး/စာရေး ကျော်သင်းလွင် (တပ်မတော်မှတ်တမ်းရုံး)-ဒေါ်သပြေတို့၏အစ်ကို၊ တူ တူမ ၁၈ ယောက်တို့၏ဦးလေးသည် ၁၂-၆-၂၀၀၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးတင်မြိုင်
စံမြင့်သူ(မိုးညှင်း)
ဒု-ဦးစီးမှူး(မွေး/ကုဦးစီးဌာန)
အသက်(၅၆)နှစ်

မိုးညှင်းမြို့၊ အရှေ့စု ၄ လမ်းနေ ဒေါ်သန်းတင်၏ခင်ပွန်း၊ မညိုမာခိုင် (နည်းပြ၊ သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ မောင်သန့်ဇော်ခိုင်(လက်ထောက်အင်ဂျင်နီယာ၊ချည်မျှင်နှင့်အထည်စက်ရုံ၊ပခုက္ကူ)၊ မသီတာခိုင်၊ မောင်ကျော်စွာခိုင်(အငယ်တန်းအင်ဂျင်နီယာ၊ မီးခံအုတ်စက်ရုံ၊ ကျောက်ဆည်)၊ မကြည်သာခိုင်(အမက၊ ဗန်းမော်)တို့၏ဖခင် ဦးတင်မြိုင်(မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ်-၀၄၅၅၊ ကဗျာဆရာ စံမြင့်သူ-မိုးညှင်း)သည် ၁၀-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၄-၆-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးသက်မြင့် (ဖြူးမြို့)
Winston(ခ)ဦးယွမ်ဆောင်
အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊(၁၃) ရပ်ကွက်၊အမှတ်၅၇(C)၊မြနန္ဒာလမ်း၊ ကျောက်ကုန်းနေ (ဦးစစ်-ဒေါ်အေးကျင်)တို့၏သား၊ ဦးကျော်မြင့်၊ဦးမောင်မောင်နီ-ဒေါ်စိန်စိန်၊ ဒေါက်တာဦးဝင်းလွင်၊ ဒေါက်တာဦးသာထွန်း-ဒေါ်ခင်ဌေးတို့၏ညီ၊ (ဦးစိန်မြင့်)-ဒေါ်မြင့်မြင့်စန်း၊ ဦးတင့်တယ်(ညွှန်ချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်နန်းထားရီ၊ (ဦးဝင်းမြင့်)-ဒေါ်စိမ်းမြိုင်၊ ဦးကျော်မြင့်-ဒေါ်တင်တင်စန်း၊ ဒေါက်တာခင်ခင်စန်း၊ ဒေါက်တာမြင့်ဦး - ဒေါ်မင်းမင်းစန်းတို့၏ အစ်ကိုသည် ၁၃-၆-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၅-၆-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝမ်းကြည်
လ/ထတိုင်းမန်နေဂျာ
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၆၈)နှစ်

ဟင်္သာတမြို့နေ(ဦးဘိုးစ-ဒေါ်ကွန်းတင်)တို့၏သား၊ ဟင်္သာတမြို့၊ ဦးရွှေဒွေးလမ်း၊ အိမ်အမှတ် ၂၈၀ နေ ဒေါ်ညွန့်စိန်၏ခင်ပွန်း၊ ဦးဘညွန့်-ဒေါ်ခင်ဌေးတို့၏မောင်၊ (ဦးတင်ထွဋ်)၊ ဦးခင်မောင်ဝင်း-ဒေါ်စန်းစန်းဝင်း၊ ဦးကျော်ဝင်း-ဒေါ်ခင်သန်းနွဲ့၊ ဦးမောင်မောင်ငြိမ်း-ဒေါ်ခင်အေး၊ ဦးမောင်မောင်သိန်း-ဒေါ်တင်တင်လှတို့၏အစ်ကိုကြီးသည် ၁၄-၆-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ဟင်္သာတမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆- ၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထန်းပင်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ပညာသီရိ
(ဒေါ်မြင့်မြင့်လွင်)
အောင်ရတနာမဉ္ဇူ
ပရိယတ္တိစာသင်တိုက်
မြိုင်သာယာစံပြရွာ၊ ကျောက်တန်းမြို့
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စုပေါင်းအိမ်ရာ ယင်းမာမြိုင်လမ်း၊ အမှတ် ၆၈/၂ နေ ဦးထွန်းလွင်-ဒေါ်မြသိန်းတို့၏ သမီး၊ ဦးခင်မောင်စိုး-ဒေါ်မိမိစိန်၊ ဦးမြမိုး-ဒေါ်ခင်ဆွေမြင့်၊ ဒေါ်နီနီလွင်တို့၏အစ်မ၊ ဒေါ်ယုဇနသီရိ (အောင်ရတနာမဉ္ဇူ ပရိယတ္တိစာသင်တိုက်)၏ဒေါ်လေးသည် ၁၁-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၃-၆-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

တပ်ကြပ်ကြီးမြင့်စိုး
အသက်(၄၇)နှစ်

မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၁၄/၇၈၊ ပိတောက်လမ်းနေ (ဦးကြိုင်)-ဒေါ်ကြင်မြိုင်တို့၏သား၊ဒေါ်လှစိန်၊ဒေါ်မြင့်ကြည်တို့ ၏မောင်၊ ဦးမြင့်လွင် (တပ်မတော်၊ ငြိမ်း)၊ တပ်ကြပ်ကြီးမြငွေတို့၏အစ်ကို၊ ဒေါ်ရီရီမြင့်၏ခင်ပွန်း၊မမိုးမိုးသူ(အထက-၁၊ အင်းစိန်)၊ မအိအိသူ (အလက-၁၊ အင်းစိန်)တို့၏ဖခင်သည် ၁၄-၆-၂၀၀၄ ရက် ၁၁း၂၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၆-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် တပ်မတော်ဆေးရုံကြီးမင်္ဂလာဒုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အမျိုးသားညီလာခံအစုအဖွဲ့များ အစည်းအဝေးများဆက်လက်ကျင်းပ အကြံပြုစာတမ်းများနှင့်ပတ်သက်၍ သဘာပတိအဖွဲ့နှင့်စာတမ်းရှင်များညှိနှိုင်း

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံ အစုအဖွဲ့များဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့တို့သည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းမည့် အကြံပြုစာတမ်းများ ဖတ်ကြားခြင်းကိုလည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ဝင်များနှင့် အကြံပြုစာတမ်းပြုစုတင်ပြသည့်အဖွဲ့တို့၏ ညှိနှိုင်းဆွေးနွေးခြင်းကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် စာတမ်းရှင်များ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကျင်းပ ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ သွေးလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ စာမျက်နှာ ၁၁ ကော်လံ ၁ ●

မြင်းခြံပဒေသာမြေ သန့်ရှင်းသောသောက်သုံးရေ ဖူလုံနေပြီ

သတင်းဆောင်းပါး–စိန်ရွှေလှိုင်၊ ဓာတ်ပုံ–နယ်စပ်/စည်ပင်

ရန်ကုန် ဇွန် ၁၄

မြင်းခြံမြို့နယ် နဘူးအိုင် ပင်လယ်ကျေးရွာများသည် အမေ့ရွာများဖြစ်ပြီး ရန္တပို၊ဂင်ဂဲ၊ဇလပ်ကုန်းကျေးရွာများသည် အဖေ့ရွာများဖြစ်သည်။ အမေ၊အဖေတို့၏ ဇာတိရပ်ရွာ မြင်းခြံဒေသသည် ဆန်စပါး၊ နှံစားပြောင်း၊ မိုးမြေပဲ၊ ဆောင်းမြေပဲ၊ နှမ်းလျှင်၊ နှမ်းကြီး၊ နေကြာ၊ ဝါ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ဗိုလ်ကိတ်ပဲ၊ စွန်တာနီ၊စွန်တာပြာ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူး၊ ဂျုံ၊ ပဲပုပ်၊ ပဲလွန်း၊ ပဲယင်း၊ ပဲဖြူလေး၊ ပဲကြီး၊ စားတော်ပဲ၊ ပဲရာဇာ၊ ပဲနောက်၊ငရုတ်၊ ကြက်သွန်၊ အာလူး၊ ဗာဂျီးနီးယားဆေး၊ မြန်မာဆေးရွက်ကြီး စသည်တို့စိုက်ပျိုးထွက်ရှိရာဖြစ်၍ ပဒေသာမြေဟု ခေါ်ဆိုခဲ့ကြသည်။ ပဒေသာပင်ဟု ခေါ်ဆိုသော ထန်းပင်အများအပြားပေါက်ရောက်ရာဒေသဖြစ်၍ နှစ်စဉ် ထန်းလျက်ပိဿာချိန် ၁၀ သိန်း ကျော်ထွက်ရှိရာ နယ်မြေလည်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ▼

မြင်းခြံမြို့နယ်ရှိ ကျေးလက်ပြည်သူတိုင်း သန့်ရှင်းသောရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

အင်္ဂလန်အသင်း နောက်ဆုံးမိနစ်၌ နှစ်ဂိုးအသွင်းခံခဲ့ရသည့်အကြောင်းရင်း ဘက်ခမ်း၏ ပယ်နယ်တီကန်ချက်ကို ဘားသက်ဇ် မှန်းဆနိုင်သည်မှာ

ယူရို ၂၀၀၄ အုပ်စုပွဲစဉ် သတင်းအကျယ်–စာ–၁၃

ယူရို ၂၀၀၄ အုပ်စု(ဃ)ပွဲစဉ်များ ယနေ့ကစားမည်

ရန်ကုန် ဇွန် ၁၄

၂၀၀၄ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ(EURO-2004)ကို ပေါ်တူဂီနိုင်ငံ၌ ဇွန် ၁၂ ရက်က စတင်ကျင်းပလျက်ရှိရာ အုပ်စု(ဃ) အဖွင့်ပွဲစဉ်များအဖြစ် ဇွန် ၁၅ ရက် (ယနေ့)မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် ချက်နှင့်လတ်ဗီးယား၊ ဇွန် ၁၆ ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ၁၅မိနစ်တွင် ဂျာမနီနှင့်ဟော်လန်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စု(ဃ)ကို မရဏအုပ်စုဟု တင်စားကြပြီး လတ်ဗီးယားအသင်းမှလွဲလျှင် ချက်၊ ဂျာမနီနှင့်ဟော်လန်တို့ ခြေစွမ်းတူညီနေကြ၍ အုပ်စုတက်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် အနေအထားဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

လက်တစ်ကိုင်ကွန်ပျူတာလေး

မိုက်ခရိုဆော့ဖ်ကို ပူးတွဲတီထွင်သူ ပေါလ်အယ်လင်ပိုင်ဆိုင်သည့် ဆီးတဲ့လ်အခြေစိုက် ဖလစ်စတတ် ကုမ္ပဏီက ပြုလုပ်သော ဖလစ်စတတ် လက်ကိုင်ကွန်ပျူတာလေးကိုတွေ့ရစဉ်။ **(ယာပုံ)** အဆိုပါ မီနီပါစင်နယ် ကွန်ပျူတာသစ်သည် လက်ထဲတွင်ကိုင်၍အသုံးပြုနိုင်ပြီး စာရွက်အရွယ်ရှိကာ ဝင်းဒိုးအခြေခံများ အပြည့်အစုံပါရှိကြောင်း သိရသည်။ (ရိုက်တာ)

ထူးဆန်းသောဖားငါးတစ်ကောင်

ကမ္ဘာပေါ်တွင် ထူးဆန်းသော ရေသတ္တဝါများ ပင်လယ်သမုဒ္ဒရာများ၌ နေထိုင်ကျက်စားလျက်ရှိသည်။ ယင်းတို့အနက်မှ ဖားငါးဟုအမည်ပေးထားသော ပင်လယ်ရေသတ္တဝါတစ်ကောင် ကယ်လီဖိုးနီးယားပြည်နယ် ပစိဖိတ်သမုဒ္ဒရာငါးပြတိုက်ရှိ ထူးဆန်းထွေလာ ရေသတ္တဝါပြခန်း၌ ကျောက်ဆောင်များကြားလှုပ်ရှားသွားလာနေသည်ကို တွေ့ရစဉ်။**(အပေါ်ပုံ)** (အေအက်ပီ)